# ကြေးမုံ
The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 26 October 2022 ၁၀၉၀၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အရင်းမပျောက်မတည်ငွေကျပ် သုံးဘီလီယံကို တိုးပွားအောင် ဆောင်ရွက်ပြီး မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများသို့ ထိထိရောက်ရောက်ပံ့ပိုးပေးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

## မသန်စွမ်းသူများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားကဏ္ဍကိုလည်း တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးရမည်

နေပြည်တော် အောက်တိုဘာ ၂၅

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး(၂/၂၀၂၂)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ် (ယာယီဗဟိုအလုပ်အမှုဆောင်အဖွဲ့) အတွင်းရေးမှူး၊ မသန်စွမ်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ယနေ့ ဖတ်စရာ




၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး

စာမျက်နှာ » ၉

ရက်စက်ယုတ်မာတဲ့ အကြမ်းဖက်အဖျက်သမားတွေကို အမြစ်ဖြတ်ချေမှုန်းကြပါစို့

ဆောင်းပါး စာမျက်နှာ » ၆

ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၁၇၁ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆၀ တွေ့ရှိ

စာမျက်နှာ » ၁၂

လျှောင်လှုပ်ခတ်မှုနှင့် နောက်ဆက်တွဲပြဿနာ

ဆောင်းပါး စာမျက်နှာ » ၁၁



ရီရှီဆူနက် ဗြိတိန်နိုင်ငံ၏ ဝန်ကြီးချုပ်သစ် ဖြစ်လာ

စာမျက်နှာ » ၁၃

# တည်ငြိမ်အေးချမ်းရေးအတွက်ဆောင်ရွက်

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော မငြိမ်းချမ်းသည့် လက်နက်ကိုင်ပဋိပက္ခများကို ယနေ့ထက်တိုင် တွေ့မြင်နိုင်သည်။ ခေတ်အဆက်ဆက်အစိုးရများနှင့် လက်ရှိကာလထိတိုင် တိုင်းပြည်ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆွေးနွေးညှိနှိုင်းနေသည်။ သို့သော် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့မှာ ငြိမ်းချမ်းရေးကိုမလိုလားဘဲ ၎င်းတို့၏ခံယူချက်၊ ၎င်းတို့၏အကျိုးစီးပွားကိုသာရှေးရှု၍ တည်ငြိမ်မှုပျက်စီးအောင် အစဉ်တစိုက်ပြုလုပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ကချင်ပြည်နယ်အတွင်းသာ စုဖွဲ့လှုပ်ရှားသည့် KIA အဖွဲ့သည် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးကိုအခွင့်ကောင်းယူ၍ ကချင်ပြည်နယ်နှင့် ထိစပ်နေသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ PDF အမည်ခံအကြမ်းဖက်သမားများကို စုစည်း၍ အကြမ်းဖက်ဖျက်ဆီးမှုများ ပြုလုပ်နေသည်။ ယခု မြစ်ကြီးနား၊ ဗန်းမော်၊ ကသာ၊ ထီးချိုင့် ကားလမ်းတစ်လျှောက်နှင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများနှင့် ယန္တရားများအား နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်လျက်ရှိသည့်အပြင် ဗန်းမော်နှင့် ပင်လည်ဘူးမြို့နယ်အတွင်းရှိ အစိုးရဌာနဆိုင်ရာရုံးအဆောက်အအုံများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ၂၀၂၂ ခုနှစ်အတွင်း အင်အားသုံး၍ အနီးကပ်နှင့်အဝေးမှ နှောင့်ယှက်ပစ်ခတ်ခြင်း (၇၈) ကြိမ် ပြုလုပ်ခဲ့သည်။

KIA တပ်မဟာ(၉)နှင့်နောက်လိုက် KIA အဖွဲ့များသည် ဖားကန့်နယ်မြေနှင့် ခန္တီး၊ ဟုမ္မလင်းနယ်မြေစပ်ကြား ဆည်ဇင်ကျေးရွာနှင့် ပတ်ဝန်းကျင်နေရာများသို့ PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့နှင့်အတူ သာလွန်အင်အားဖြင့် (၉)ကြိမ် အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခြင်း၊ ဆက်စပ်နယ်မြေအတွင်း ပြန်ပေးဆွဲခြင်း၊ ဆက်ကြေးကောက်ခြင်း၊ ခန္တီးမြို့အနီး တရားဝင်ကျောက်စိမ်းလုပ်ကွက်ရှိ လုံခြုံရေးရဲစခန်းကို ၂၀၂၁ ခုနှစ် မေလတွင် သာလွန်အင်အားဖြင့် ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ကံဆီး၊ လုံးခင်း၊ ဖားကန့်ရဲစခန်းများအား အကြိမ်ကြိမ်နှောင့်ယှက်တိုက်ခိုက်ခြင်းများအပြင် ကံဆီး၊ လုံးခင်း၊ နန့်ယား၊ မိုးကောင်း ကားလမ်းတစ်လျှောက်နှင့် တပ်မတော်စခန်းများအား ၂၀၂၁ ခုနှစ်မှ ယနေ့အထိ အလစ်အငိုက်ယူကာ (၁၁)ကြိမ်အထိ နှောင့်ယှက်တိုက်ခိုက်ခြင်း စသည်တို့ကို အကြိမ်ကြိမ် ပြုလုပ်ခဲ့သည်။

ပြီးခဲ့သည့်ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ်အတွင်း လုံခြုံရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ဖားကန့်တေးဂီတဖျော်ဖြေပွဲအား တပ်မတော်လေယာဉ်ဖြင့် ဗုံးကြဲမှုကြောင့် အပြစ်မဲ့ပြည်သူများနှင့် ကချင်ဝါရင့်အဆိုရှင်အချို့ သေဆုံးခဲ့ကြောင်း လူမှုကွန်ရက်တွင် ကောလာဟလသတင်းများ လွှင့်ထုတ်ခဲ့သည်။ ဖြစ်ပွားသည့်နေရာအတိအကျမှာ ဖားကန့်နယ်မြေအတွင်းရှိ နိုင်ငံပိုင်သဘာဝသယံဇာတ ကမ္ဘာကျော်ကျောက်စိမ်းများကို တရားဝင်/တရားမဝင် တူးဖော်နေသည့် ကုမ္ပဏီများနှင့် ရေမဆေးကျောက်သမားများအပေါ် အခမ္ဘကုပ်သွေးစုပ် ခြိမ်းခြောက်၊ ငွေညှစ်၊ ဆက်ကြေးကောက်ရန် KIA နှင့် KIO ဗဟိုအဖွဲ့မှစုစည်းထားသည့် KIA တပ်မဟာ(၉) လက်နက်ကိုင်အဖွဲ့၏ အခြေပြုနေရာဖြစ်ပြီး ပြည်သူများနေထိုင်သောနေရာမဟုတ်ပေ။

လက်ရှိအခြေအနေတွင် KIA အဖွဲ့၏ရပ်တည်ချက်နှင့် လုပ်ရပ်များကို အားလုံးအထင်အရှားတွေ့မြင် ကြားသိကြရမည်ဖြစ်သည်။ ယခု အောက်တိုဘာလ ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက်နေ့များတွင် မိုးမောက်မြို့နယ်အနီးရှိတပ်မတော်စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြိမ်ကြိမ် ပြင်းထန်စွာ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည့်အပြင် ဗန်းမော်သို့ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် သယ်ယူပို့ဆောင်ပေးနေသည့် ခရီးသည်တင်ရေယာဉ်များနှင့် စက်လှေများကို ကသာ၊ ရွှေကူနှင့် ဗန်းမော်ကြား၌ အကြိမ်ကြိမ် အကြောင်းမဲ့ပစ်ခတ်နေမှုများကြောင့် တပ်မတော်အနေဖြင့် KIA တပ်မဟာ(၉) နယ်မြေအား လိုအပ်သောစစ်ဆင်ရေးများကို တန်ပြန်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းတု၊ သတင်းလိမ်နှင့် သတင်းမှားများ ဖော်ပြ၍ ကောလာဟလသတင်းများ ဖြန့်ဝေနေသော အွန်လိုင်းမီဒီယာများနှင့် ပြည်ဖျက်မီဒီယာများက ပြည်သူ ၅၀ ကျော်နှင့် အနုပညာရှင်များ သေဆုံးခဲ့သည်ဟု မဟုတ်မမှန်သတင်းများထုတ်လွှင့်ခဲ့သည်။ လက်ရှိတွင် ထပ်မံပေါ်ထွက်လာသော အတည်မပြုနိုင်သည့် အွန်လိုင်းသတင်းများ၊ မြေပြင်သတင်းများနှင့် လိုင်ဇာ၊ KIA ဗဟိုဌာနချုပ်၏ အတွင်းသတင်းများအရ KIA တပ်မဟာမှူးအဆင့်ရှိ ရှရော်လဆိုင်း၊ ဒုတပ်မဟာမှူးအဆင့်ရှိ ဇယ်တောင်၊ တိုက်နယ်မှူးအဆင့်ရှိ ဒူကဘာလအောင်၊ သယံဇာတတိုင်းတာရေးတာဝန်ခံဆိုသူ ဖေရန်အပါအဝင် KIA နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များသာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သတင်းများပေါ်ထွက်လာသည်။

သို့ဖြစ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် လိုအပ်သည့် သောင်းကျန်းသူချေမှုန်းရေး၊ စစ်ဆင်ရေးများကို ဂျီနီဗာကွန်ဗင်းရှင်း (၄) ရပ်ကို အခြေခံသော လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုဆိုင်ရာ စည်းမျဉ်းအတိုင်း ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။ ။

## “အာဆီယံ-တူကီယံ Talent For Biz အစီအစဉ်”၌ မြန်မာလူငယ်များ အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်နိုင်

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Ritz Calton ဟိုတယ်၌ အာဆီယံ-တူကီယံ Talent For Biz အစီအစဉ်အား ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအစီအစဉ်တွင် ကမ္ဘာ့တစ်ဝန်းရှိ ဈေးကွက်တွင် ဦးတည်လျက်ရှိသည့် တူကီယံကုမ္ပဏီများဖြစ်သည့် Aselsan၊ Havelsan၊ Ford၊ Turkish၊ Aerospace (TUSAS)၊ Turkish Airlines (THY)၊ Turkish Airlines Technology၊ Turk Telecom၊ Yunus Emre Institue (YEE)၊ General Directorate of State Airports Authority (DHMI) မှ ၎င်းတို့ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပတ်သက်၍ သတင်းအချက်အလက်များ မျှဝေသွားမည်ဖြစ်သည်။ ထို့ပြင် ထိပ်တန်းမန်နေဂျာများ၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် တိုက်ရိုက်ပြောဆိုဆွေးနွေးနိုင်မည်ဖြစ်သည့်အပြင် အစီအစဉ်တွင် အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့လာဆန်းစစ်မှုများ၊ အလုပ်အကိုင်လျှောက်ထားခြင်းများ၊ အလုပ်အင်တာဗျူးများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါအလုပ်အကိုင်ပြပွဲအစီအစဉ်သို့ ပါဝင်တက်ရောက်လိုသည့် မြန်မာလူငယ်များအနေဖြင့် အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်နိုင်ပြီး ပါဝင်တက်ရောက်ရန် Talent Gate Website (https://www.talentgate.org/register) တွင် အမည်စာရင်းပေးသွင်း၍ အသေးစိတ်အချက်အလက်များကို https://talentforbiz.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အစီအစဉ်နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနတယ်လီဖုန်းနံပါတ် ၀၆၇-၃၄၁၃၉၅၀၊ ၀၉-၇၇၇၃၃၃၅၄၅၊ ၀၉-၄၂၅၃၂၅၁၃၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၅**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ မင်္ဂလာဇေယျုံ ပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ သုရိယာရာမကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ရွှေလှိုင်ပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ရှင်မတောင်ပရိယတ္တိစာသင်တိုက်၊ လှိုင်မြို့နယ်ရှိ ဝါယာလက်ကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မောဒယကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မင်္ဂလာအောင်မြေကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ မဟာဝိဇယာရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အလယ်ရွှေကျောင်း ကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်ရှိ တိပိဋကထိန်လင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ သာစုကန်ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မြေဘုံစံကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ပါရမီကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၅ - ၁၀ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၅၀၀ | ၉,၅၀၀ | ၁၀ | ၈၅,၀၀၀ |
| MTSH | ၃,၅၀၀ | ၃,၄၅၀ | ၂,၀၈၃ | ၇,၁၉၀,၅၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၁,၀၁၁ | ၇,၈၈၅,၈၀၀ |
| FPB | ၂၁,၀၀၀ | ၂၀,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၁၈၀ | ၄၈၆,၀၀၀ |
| AMATA | ၅,၁၀၀ | ၅,၀၀၀ | ၅၀၅ | ၂,၅၂၉,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် အောက်တိုဘာ ၂၅**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၇၂.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၈၇.၃၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၄.၈၂၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၄၃.၄၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၈၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၂၅.၁ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၇၃.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၁၀.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၆.၀၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမျိုးသားကော်မတီအစည်းအဝေးများကို တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပခဲ့ရာ ယခုအစည်းအဝေးသည် ၂၀၂၂ ခုနှစ်တွင် ဒုတိယအကြိမ်မြောက် ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ ယခုအချိန်ကာလသည် ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ရင်ဆိုင်ရဆဲဖြစ်ပြီး အောင်မြင်စွာဖြတ်ကျော်လျက်ရှိရာ ကိုဗစ်-၁၉ ကပ်ရောဂါ အလွန်ကာလများတွင် မသန်စွမ်းသူများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ထားရှိကြောင်း၊ အမျိုးသားကော်မတီ၏ လမ်းညွှန်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ကာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅)နှစ်စီမံကိန်း(၂၀၂၂-၂၀၂၇)ကို အတည်ပြုပြဋ္ဌာန်းခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆပ်ကော်မတီများ ပြင်ဆင်ဖွဲ့စည်းခြင်း၊ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အရင်းမပျောက် မတည်ငွေကျပ် သုံးဘီလီယံကို တိုးပွားအောင်ဆောင်ရွက်ပြီး မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများသို့ ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ရေးဆောင်ရွက်ခြင်းစသည့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

**မိတ်ဆက်ဖြန့်ချီပြီးဖြစ်**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇)ကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ အာဆီယံမဟာဗျူဟာလုပ်ငန်းအစီအစဉ် ၂၀၂၅ တို့နှင့် အညီ ရေးဆွဲခဲ့ပြီး စက်တင်ဘာ ၁၅ ရက်တွင် မိတ်ဆက်ဖြန့်ချီပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဆပ်ကော်မတီများအလိုက် လုပ်ငန်းစီမံချက်များရေးဆွဲပြီး လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းစဉ်များတွင် အသုံးစရိတ်များ ကျခံသုံးစွဲနိုင်ရေးအတွက် လာမည့် ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပြီး ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ တင်ပြတောင်းခံသွားကြရန်ဖြစ်ကြောင်း။

မသန်စွမ်းသူများ၏အခွင့်အရေးများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်၊ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေများ၊ မသန်စွမ်းအမျိုးသမီးနှင့် ကလေးသူငယ်များ၊ သတင်းအချက်အလက်နည်းပညာနှင့် လွယ်ကူစွာသွားလာနေထိုင် အသုံးပြုနိုင်ရေး၊ တရားမျှတမှုရရှိပိုင်ခွင့်၊ သုတေသနနှင့် စောင့်ကြည့်အကဲဖြတ်စသည်ဖြင့် ဆပ်ကော်မတီ(၉)ခုကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း။

မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ကနဦး စီမံကိန်းနယ်မြေ(၄)ခုဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းဖြင့် မသန်စွမ်းမှုအဆင့်အလိုက် လိုအပ်သော ပံ့ပိုးမှုများကို သိရှိပံ့ပိုးပေးနိုင်မည်ဖြစ်သကဲ့သို့ မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မသန်စွမ်းသူများအပေါ် ကူညီထောက်ပံ့မှုများ ထိထိရောက်ရောက် ဆောင်ရွက်လာနိုင်မည်ဖြစ်၍ မသန်စွမ်းသူများအတွက် အလွန်အကျိုးရှိစေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အတွက် တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်စေရေး စီမံကိန်းရေးဆွဲ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရာတွင် မသန်စွမ်းသူမှတ်ပုံတင်ခြင်းလုပ်ငန်းကို တစ်ပြိုင်တည်းဆောင်ရွက်နိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အရင်းမပျောက် မတည်ရန်ပုံငွေကျပ် သုံးဘီလီယံကို အလေအလွင့်မရှိစေဘဲ စနစ်တကျ တိုးပွားစေရေးအတွက် ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့ပူးပေါင်း၍အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ စီးပွားရေးချေးငွေကာလတို သုံးနှစ်ထုတ်ချေးပြီး ရန်ပုံငွေကို တိုးပွားအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တိုးပွားလာသည့် ရန်ပုံငွေကို မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် မသန်စွမ်းသူများ အကျိုးပြုလုပ်ငန်းများတွင် ထောက်ပံ့သုံးစွဲသွားမည်ဖြစ်သည့်အတွက် မသန်စွမ်းသူများအတွက် အမှန်တကယ် အကျိုးရှိစေမည်ဖြစ်ကြောင်း။

**ခွင့်ပြုထားပြီးဖြစ်**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏အောက်တွင် ချေးငွေထုတ်ချေးရေးကော်မတီ၊ ချေးငွေစိစစ်ရေးအဖွဲ့နှင့် ချေးငွေကြီးကြပ်ရေးအဖွဲ့များဖွဲ့စည်းရန် ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ အရင်းမပျောက် မတည်ရန်ပုံငွေမှ တိုးပွားလာမည့် ရန်ပုံငွေကို မသန်စွမ်းသူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ပံ့ပိုးပေးမည့်အစီအစဉ်နှင့် စည်းမျဉ်းစည်းကမ်းများရေးဆွဲနိုင်ရေးအတွက် မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပသွားကြရမည်ဖြစ်ကြောင်း။

မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိစွာ၊ အမှီအခိုကင်းစွာ ဘဝရပ်တည်နေထိုင်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေရရှိရေးတို့သည် အရေးကြီးကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့က ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် Vocational Training သင်တန်းများတွင် မသန်စွမ်းသူများ ပုံမှန်ပါဝင်တက်ရောက်နိုင်ရေး စီမံချက်ရေးဆွဲ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိစေရေးအတွက် စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီများ၊ လုပ်ငန်းရှင်များ၊ စီမံအုပ်ချုပ်သူများကို မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ နည်းဥပဒေနှင့် ဝေပုံကျနှုန်းထား အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအား အလုပ်အကိုင်ခန့်ထားပေးသည့် လုပ်ငန်းအဖွဲ့အစည်းများကိုလည်း ဂုဏ်ပြုပေးရမည်ဖြစ်ကြောင်း။

**အဆင့်(၆)နေရာရရှိခဲ့**

မသန်စွမ်းသူများ၏ အခွင့်အရေးများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မသန်စွမ်းသူများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားကဏ္ဍကိုလည်း တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ SURAKATA (SOLO)မြို့၌ ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်း အားကစားသမား ၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၂ ခုနှင့် ကြေးတံဆိပ် ၁၇ ခု စုစုပေါင်း ဆုတံဆိပ် ၄၃ ခုရရှိခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံ ၁၁ နိုင်ငံအနက် အဆင့်(၆)နေရာရရှိခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အားကစားသည် ကိုယ်အင်္ဂါကျန်းမာကြံ့ခိုင်ရေးကို အဓိကရည်ရွယ်သော်လည်း အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခြင်းသည် နိုင်ငံနှင့်လူမျိုး၏ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခန့်ညားစေသဖြင့် အားကစားအဆင့်အတန်းမြင့်မားရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း။

မြန်မာမသန်စွမ်း အားကစားသမားများအနေဖြင့် မသန်သော်လည်း စွမ်းဆောင်ရည်ရှိသူများဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ကြသူများဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် အောင်ပွဲရ မသန်စွမ်းအားကစားသမားများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း၊ မျိုးဆက်သစ် မသန်စွမ်းအားကစားသမားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာကိစ္စရပ်များတွင် ရလဒ်ကောင်းများရရှိခဲ့သည့်အတွက် အမျိုးသားကော်မတီဝင်အားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာများနှင့် မသန်စွမ်းသူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီးဦးအောင်ထွန်းခိုင်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး(၁/၂၀၂၂) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် (ယာယီဗဟိုအလုပ်အမှုဆောင်အဖွဲ့) အတွင်းရေးမှူးတို့က မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြပြီး အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ဖြည့်စွက်ဆွေးနွေးရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး(၂/၂၀၂၂)၏ လျာထားအစည်းအဝေးဆုံးဖြတ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

☆ မြန်မာမသန်စွမ်း အားကစားသမားများအနေဖြင့် မသန်သော်လည်း စွမ်းဆောင်ရည်ရှိသူများဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ကြသူများဖြစ်သည်ကို တွေ့ရမည်

☆ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် အောင်ပွဲရ မသန်စွမ်းအားကစားသမားများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့

☆ မျိုးဆက်သစ် မသန်စွမ်းအားကစားသမားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားကြရမည်

☆ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာကိစ္စရပ်များတွင် ရလဒ်ကောင်းများရရှိခဲ့သည့်အတွက် အမျိုးသားကော်မတီဝင်အားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် အမျိုးသားကော်မတီ၏လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်

☆ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အရင်းမပျောက် မတည်ရန်ပုံငွေကျပ် သုံးဘီလီယံကို အလေအလွင့်မရှိစေဘဲ စနစ်တကျ တိုးပွားစေရေးအတွက် ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသို့ စီးပွားရေးချေးငွေကာလတို သုံးနှစ်ထုတ်ချေးပြီး ရန်ပုံငွေကိုတိုးပွားအောင် ဆောင်ရွက်သွားကြရမည်

☆ တိုးပွားလာသည့် ရန်ပုံငွေကို မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် မသန်စွမ်းသူများ အကျိုးပြုလုပ်ငန်းများတွင် ထောက်ပံ့သုံးစွဲသွားမည်ဖြစ်သည့်အတွက် မသန်စွမ်းသူများအတွက် အမှန်တကယ် အကျိုးရှိစေမည်

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသတ်မှတ်ချက်များ ဥပဒေနှင့်အညီ တစ်ပြေးညီဖြစ်စေရေး လေးစားလိုက်နာ



**နေပြည်တော် အောက်တိုဘာ ၂၅**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သတ်မှတ်ချက်များအား ဥပဒေနှင့်အညီ တစ်ပြေးညီဖြစ်စေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြဋ္ဌာန်းချက်များနှင့်ညီညွတ်**

အစည်းအဝေးတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက မြန်မာနိုင်ငံ၌ မော်တော်ယာဉ်ဆိုင်ရာ ကြီးကြပ်ထိန်းသိမ်းမှုများ ဆောင်ရွက်နိုင်ရန် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ (၂၀၂၀)ကို ၂၀၂၀ ပြည့်နှစ် မေ ၂၆ ရက်တွင်လည်းကောင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု နည်းဥပဒေများကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင်လည်းကောင်း၊ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများဆိုင်ရာ ညွှန်ကြားချက်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင်လည်းကောင်း ပြဋ္ဌာန်းထုတ်ပြန်ဆောင်ရွက်ခဲ့ပြီး သက်ဆိုင်သည့် ဌာနဆိုင်ရာနှင့် ဆက်စပ်အဖွဲ့အစည်းများသို့ ဖြန့်ဝေခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် 1968 Vienna Convention on Road Traffic နှင့် Road Signs & Signals သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီးဖြစ်၍ လက်ရှိထုတ်ပြန်ကျင့်သုံးလျက်ရှိသော လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများသည် Vienna Convention ၏ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ပြီးဖြစ်ပါကြောင်း။

သို့ဖြစ်၍ မော်တော်ယာဉ်များ မောင်းနှင်အသုံးပြုနေသည့် လမ်းများကို မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော် စီမံခန့်ခွဲ ဆောင်ရွက်နေကြသည့် ဝန်ကြီးဌာနများနှင့် မြို့တော်စည်ပင်သာယာရေး ကော်မတီများအနေဖြင့် ၎င်းညွှန်ကြားချက်နှင့်အညီ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်ပြေးညီဖြစ်စေရေး ရေးဆွဲစိုက်ထူကြရန်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် ဒုတိယဝန်ကြီးချုပ်ဦးဆောင်သည့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council–NRSC) အနေဖြင့် National Road Safety Action Plan (2021–2030) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်း Action Plan တွင်လည်း လမ်းညွှန်၊ လမ်းအမှတ်အသား၊ အချက်ပြနှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်နှစ်ရပ်ပါဝင်ပြီး လုပ်ငန်းစဉ်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများအနေဖြင့် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်စေရေး ညွှန်ကြားကြပ်မတ်လျက်ရှိပါကြောင်း။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသတ်မှတ်ချက်များ၊ အထူးသဖြင့် လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများအား ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်ပြေးညီဖြစ်စေရေး သက်ဆိုင်ရာတာဝန်ရှိသည့် ဝန်ကြီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီများက လေးစားလိုက်နာကြရန်နှင့် ကွဲလွဲမှုများရှိနေပါက ညွှန်ကြားချက်နှင့်အညီ အမြန်ဆုံးစိစစ်ပြုပြင်ဆောင်ရွက်ပေးပါရန် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

**ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်**

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က အချို့ဒေသများတွင် လမ်းညွှန်၊ လမ်းအမှတ်အသားဆိုင်ရာ ကွဲလွဲအသုံးပြုမှုများ စိစစ်တွေ့ရှိရသည့်အတွက် သက်ဆိုင်ရာ ဥပဒေနှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီဖြစ်စေရေး ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လူကူးမျဉ်းကျားနှင့် လမ်းပိုင်းများတွင် အသုံးပြုနေသော ဆေးရောင်များသည် သတ်မှတ်ညွှန်ကြားချက်နှင့်အညီ တစ်ပြေးညီဖြစ်ရန်လိုကြောင်း၊ လမ်းဘေးပလက်ဖောင်းများသည်လည်း လူသွားရန်လုံလောက်သည့် သတ်မှတ်အကျယ်အဝန်းရှိရန် ဆောင်ရွက်သင့်ကြောင်း၊ ယခုလမ်းညွှန်၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းဆွေးနွေးအဖြေရှာကာ လိုအပ်မည်ဆိုပါက ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လမ်းညွှန်၊ လမ်းအမှတ်အသားများနှင့် အချက်ပြများဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး၊ အမြန်လမ်းရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေးအတွက် ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး/ ပြည်နယ် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စာရင်းစစ်ဆေးခြင်းသည် အဖွဲ့ဖြင့်ဆောင်ရွက်ရသော ပညာရပ်ဆိုင်ရာလုပ်ငန်းဖြစ်ရာ အတတ်ပညာ၊ အသိပညာဆိုင်ရာအခြေခံကောင်းများ ပြည့်ဝနေစေရန်လိုအပ်



**နေပြည်တော် အောက်တိုဘာ ၂၅**

ယခုသင်တန်းကို လုပ်ငန်းခွင်သို့ စတင်ဝင်ရောက်သည့် ဝန်ထမ်းသစ်များအတွက် လုပ်ငန်းနယ်ပယ်တွင် အခြေခံလိုအပ်ချက်ဖြစ်သည့် အတတ်ပညာ၊ ဗဟုသုတများကို သိရှိနားလည်တတ်မြောက်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက ပြောကြားသည်။

**သင်တန်းဖွင့်ပွဲအခမ်းအနား**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော်သင်တန်းကျောင်းတွင် ဖွင့်လှစ်သည့် လက်ထောက်စာရင်းစစ်မှူးများ စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း အမှတ်စဉ် (၃/၂၀၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကျင်းပရာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်က စာရင်းစစ်ဆေးခြင်းသည် အဖွဲ့ဖြင့်ဆောင်ရွက်ရသော ပညာရပ်ဆိုင်ရာလုပ်ငန်းဖြစ်ရာ အတတ်ပညာ၊ အသိပညာဆိုင်ရာ အခြေခံကောင်းများ ပြည့်ဝနေစေရန် လိုအပ်သကဲ့သို့ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်တတ်ရန်နှင့် အဖွဲ့ခေါင်းဆောင်၏ လမ်းညွှန်မှုကို နားလည်လက်ခံဆောင်ရွက်နိုင်သည့် နောက်လိုက်ကောင်းများဖြစ်ရန် လိုအပ်ပါကြောင်း။

ဤသင်တန်းမှ စာတွေ့၊ လက်တွေ့သင်ကြားမှုများကို အလေးအနက်ထား လေ့လာမှတ်သားရမည့်အပြင် စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်းများကို ဆောင်ရွက်ရန်လိုပါကြောင်း၊ မိမိတို့ရုံးသည် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကို စစ်ဆေးခြင်းဖြင့် ကြီးကြပ်ထိန်းကျောင်းပေးလျက်ရှိရာ ထိုတာဝန်၏အရေးပါမှုကို သိရှိနားလည်ပြီး "ရိုးရိုးကျင့် မြင့်မြင့်ကြံ" ဟူသည့် ခံယူချက်ကောင်းဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ကြစေလိုပါကြောင်း၊ သင်တန်းသားများအနေဖြင့် ယခုသင်တန်းတွင် စာတွေ့လက်တွေ့ သင်ကြားပို့ချမှုများကို လက်တွေ့လုပ်ငန်းခွင်တွင် ထိရောက်စွာပြန်လည်အသုံးချ၍ ကျင့်ဝတ်၊ သိက္ခာများနှင့်အညီ ပြည်သူ့အကျိုးသယ်ပိုးဆောင်ရွက်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြစေလိုပါကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (နေပြည်တော်) သင်တန်းကျောင်း ကျောင်းအုပ်က သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

**တစ်လကြာဖွင့်လှစ်မည်**

အဆိုပါသင်တန်းကို အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ တစ်လကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး ရုံးချုပ်နှင့် ပြည်ထောင်စုနယ်မြေရှိ စာရင်းစစ်ရုံးများနှင့် ဒေသစာရင်းစစ်ရုံးအသီးသီးမှ သင်တန်းသားစုစုပေါင်း ၂၉ ဦး တက်ရောက်ကြမည်ဖြစ်ကာ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ၊ စစ်ဆေးရေး၊ အခြေခံစာရင်းကိုင်ပညာ၊ ဝန်ထမ်းစည်းမျဉ်း၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ဦးစီးဌာနစာရင်းပညာ၊ စတိုပစ္စည်းစာရင်းထားနည်းနှင့် အမှုတွဲထိန်းခြင်း ဘာသာရပ်များကို စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယစာရင်းစစ်ချုပ်၊ ညွှန်ကြားရေးမှူးချုပ်(စစ်ဆေးရေး)၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မိမိတို့နိုင်ငံ၌ ပြည်သူအချို့သည် ဖေ့စ်ဘွတ်ပေါ်ရှိ သတင်းများအနက်မှ မည်သည်က သတင်းတုဖြစ်သည်၊ သတင်းမှားဖြစ်သည်ကို မဝေခွဲနိုင်တော့ဘဲ ဖြတ်သန်းနေရ



နေပြည်တော် အောက်တိုဘာ ၂၅

မှတ်တမ်းဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၂)ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ နည်းပြများ၊ ဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**မဝေခွဲနိုင်**

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာ၌ မိမိတို့နိုင်ငံ၌ ပြည်သူအချို့သည် ဖေ့စ်ဘွတ်ပေါ်ရှိ သတင်းများအနက်မှ မည်သည်က သတင်းတုဖြစ်သည်၊ သတင်းမှားဖြစ်သည်ကို မဝေခွဲနိုင်တော့ဘဲ ဖြတ်သန်းနေရပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သတင်းမှန်များကို ပြည်သူလူထုထံရောက်ရှိအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများ သတင်းအမှန်သိရှိစေရန် ကြိုးစားဆောင်ရွက်ပေးနေပါကြောင်း။

သတင်းတစ်ပုဒ်၊ ဖြစ်စဉ်တစ်ခုကို ဖော်ပြရာတွင် တင်ဆက်သူ၏ အရည်အသွေးအပေါ်မူတည်၍ သတင်းတန်ဖိုး တက်သွားပါကြောင်း၊ သင်တန်းသူ သင်တန်းသားများအနေဖြင့် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ချက်များကို ဖော်ပြရာတွင် နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် မည်သို့အလေးထားဆောင်ရွက်နေသည်ကို ရိုက်ကူးရေးသားတင်ဆက်တတ်ရန်လိုအပ်ပါကြောင်း၊ သင်တန်းနည်းပြများက စေတနာထက်သန်စွာ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး အမှန်တကယ်ပညာရရှိအောင် လေ့လာသင်ယူကြစေလိုပါကြောင်းနှင့် သင်တန်းမှ ပို့ချပေးလိုက်သည့် မီဒီယာပညာရပ်များကို ပြန်လည်မျှဝေကြစေလိုပါကြောင်း ပြောကြားသည်။

ယခုသင်တန်းအမှတ်စဉ်(၂)ကို ယနေ့မှ နိုဝင်ဘာ ၁၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ကင်မရာ၏ လုပ်ဆောင်ချက်(Function)များ၊ ရိုက်ကူးနည်းအဆင့်ဆင့်၊ သတင်းရိုက်ကူးနည်း၊ မှတ်တမ်းဗီဒီယိုရိုက်ကူးနည်း၊ သတင်းများတည်းဖြတ်ခြင်း၊ သတင်းရေးသားနည်း အခြေခံအချက်များ၊ အွန်လိုင်းသတင်းရေးသားခြင်းအခြေခံ နည်းစနစ်များ၊ အွန်လိုင်းသတင်းရေးသားသူတို့ ဆောင်ရန်ရှောင်ရန်များကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ အမှုထမ်း၊ အရာထမ်း ၄၆ ဦး တက်ရောက်ကြသည်။

ယင်းသင်တန်းအမှတ်စဉ်(၁)ကို စက်တင်ဘာလတွင် ပထမအကြိမ် ဖွင့်လှစ်ခဲ့ပြီး ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်း ၄၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သန်လျင်မြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

သန်လျင် အောက်တိုဘာ ၂၅

အခြေခံပညာဦးစီးဌာနနှင့် သန်လျင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက သန်လျင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာရှင်းသန့်ခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးဆန်းဝင်းနှင့် ခရိုင်ပညာရေးမှူး ဦးဘသန်းတို့က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**အပြန်အလှန်ဆွေးနွေး**

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှပိုမိုက စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်၍ ကျောင်းသား ကျောင်းသူလေးများအား လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်တို့ဖြင့် အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး တက်ရောက်နားထောင်သူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးခဲ့သည်။

ဆွေးနွေးပွဲအပြီးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော ဓာတ်ပုံ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို ကြည့်ရှုအားပေးကြသည်။ **တင်ဝင်းတင်**



**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

## ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ(ဒေသတွင်းအဆင့်) ပြိုင်ပွဲကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေး ပြုလုပ်



**ရန်ကုန် အောက်တိုဘာ ၂၅**

ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ - ဒေသတွင်းအဆင့် (10th ASEAN Quiz–Regional Level) ပြိုင်ပွဲကျင်းပရေး အကြိုညှိနှိုင်း အစည်းအဝေး (Preparatory Meeting)ကို ယနေ့နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပြုလုပ်ရာ မြန်မာနိုင်ငံ - ပြန်ကြားရေး ဆပ်ကော်မတီ (SCI –Myanmar)ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်၍ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ASEAN Quiz (Regional Level) ပြိုင်ပွဲအတွက် နိုင်ငံအဆင့် ကိုယ်စားပြု ဆောင်ရွက်ကြမည့် စီမံကိန်းတာဝန်ခံများ စုစုပေါင်း ၃၄ ဦး တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ–ပြန်ကြားရေးဆပ်ကော်မတီ (Sci–Myanmar)ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး (10th ASEAN Quiz–Regional Level) ပြိုင်ပွဲကျင်းပမည့် အစီအစဉ်နှင့်စပ်လျဉ်းသည့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ပြိုင်ပွဲဝင်စည်းမျဉ်းစည်းကမ်းများ၊ ASEAN Quiz မေးခွန်းပုံစံများနှင့် စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ပြိုင်ပွဲကျင်းပမည့် နေပြည်တော်ရှိ MICC–II တွင် ပြင်ဆင်ဆောင်ရွက်မှုနှင့် အခမ်းအနားအစီအစဉ်များအား တာဝန်ရှိသူများက ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များက အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ - ဒေသတွင်းအဆင့် ပြိုင်ပွဲကျင်းပနိုင်ရန်အတွက် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ– နိုင်ငံအဆင့်ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဇွန် ၁ ရက်က ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Studio–A တွင် ရုပ်မြင်သံကြား ရိုက်ကူးရေးပြုလုပ်မှုနှင့်အတူ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှုရမှတ်များအပေါ် နည်းပညာဆိုင်ရာ ပံ့ပိုးမှုနှင့် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်ဖြင့် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ ငါးဦးအား ပဏာမရွေးချယ်ခဲ့ကြောင်း၊ အဆိုပါ ကျောင်းသား ကျောင်းသူ ငါးဦးအနက်မှ သုံးဦးကို စိစစ်၍ ရွေးချယ်နိုင်ရန်အတွက် ၂၀၂၂ ခုနှစ် ဇူလိုင်လမှစတင်၍ အွန်လိုင်းမှတစ်ဆင့် လေ့ကျင့်သင်ကြားပို့ချမှုများ ပြုလုပ်လျက်ရှိရာ နိုဝင်ဘာလ ပထမပတ်တွင် စာမေးပွဲစစ်ဆေးခြင်းများ ပြုလုပ်၍ ဒိုင်အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်ဖြင့် ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံပြီး နေပြည်တော်(MICC–II) တွင် ကျင်းပပြုလုပ်မည့် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ– ဒေသတွင်းအဆင့်ပြိုင်ပွဲသို့ အာဆီယံနိုင်ငံအားလုံးမှ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် သက်ဆိုင်ရာ နိုင်ငံများအလိုက် နိုင်ငံအဆင့် ပြိုင်ပွဲများပြုလုပ်ပြီး တစ်နိုင်ငံလျှင် ကျောင်းသား ကျောင်းသူ သုံးဦးနှုန်းဖြင့် ရွေးချယ်ကာ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၀ တို့ ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရက်စက်ယုတ်မာတဲ့ အကြမ်းဖက်အဖျက်သမားတွေကို အမြစ်ဖြတ်ချေမှုန်းကြပါစို့

ကိုရင်မောင်

မြန်မာနိုင်ငံတစ်ဝန်းက မိဘပြည်သူတွေဟာ ပွင့်လင်းရာသီ အားလပ်ရက်တွေရောက်တာနဲ့ တစ်နှစ်တာ ပင်ပန်းနွမ်းနယ်သမျှ အနားယူ အပန်းဖြေကြပါတယ်။ မိသားစုတွေ စိတ်လက်ကြည်သာ ပျော်ရွှင်ချမ်းမြေ့စေဖို့နဲ့ ကုသိုလ်တွေ မျှဝေရယူကြဖို့အတွက် မြန်မာပြည်အနှံ့ အနယ်နယ်အရပ်ရပ်က တန်ခိုးကြီးဘုရားတွေနဲ့ အပန်းဖြေစခန်းတွေဆီကို ခရီးထွက်လေ့ရှိကြပါတယ်။

နိုင်ငံတစ်ဝန်းက ပြည်သူတွေနည်းတူ ရန်ကုန်မြို့က ပြည်သူတွေအနေနဲ့ မြို့တော်ကြီးနဲ့ အလှမ်းမကွာဝေးလှတဲ့ တန်ခိုးကြီးရှေးဟောင်းဘုရားတစ်ဆူ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကို နှစ်စဉ်သွားရောက်ဖူးမြော်လေ့ရှိကြပါတယ်။

သီတင်းကျွတ်ကာလ ယခုနှစ်ပွင့်လင်းရာသီ အားလပ်ရက်ဟာ ရန်ကုန်မြို့မှ အပန်းဖြေ၊ ဘုရားဖူးသွားရောက်ကြတဲ့ ပြည်သူတွေ ယခင်နှစ်တွေကထက် များပြားလွန်းတာကို တွေ့ရပါတယ်။ ရန်ကုန်မြို့ မြို့ဝင်/မြို့ထွက် ရန်ကုန်-နေပြည်တော် အမြန်လမ်းတိုးဂိတ်မှာ အပန်းဖြေခရီးသွားတွေနဲ့ဘုရားဖူးယာဉ်တွေ များပြားလွန်းလို့ တသီတတန်း၊ တစ်ပုံတစ်ပင်ဖြစ်နေတာကို တွေ့ခဲ့ရပါတယ်။

အများပြည်သူတွေ အားလပ်ရက်မှာ ကိုယ်စိတ်နှစ်ပါးရွှင်လန်းစွာနဲ့ ခရီးထွက်ကြ၊ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ကြတာတွေကို မြင်တွေ့ရတော့ ခရီးမထွက်နိုင်တဲ့ မိမိတို့အနေနဲ့ ဝမ်းမြောက်ဝမ်းသာ မုဒိတာဖြစ်ရပါတယ်။ ဒါပေမဲ့ မကြာခင်မှာပဲ သတင်းဆိုးတစ်ခုကို ကြားသိလိုက်ရတော့ ကိုယ်စိတ်နှလုံး မချမ်းသာ များစွာစိတ်မကောင်းခြင်း ဖြစ်ရပါတယ်။

## အကြောင်းမဲ့ပစ်ခတ်

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းမှာရှိတဲ့ ကျိုက်ထီးရိုးတောင် ဆံတော်ရှင်စေတီတော်မြတ်တောင်ခြေ ကင်မွန်းချောင်တောင်တက်ကားဂိတ်ကို အောက်တိုဘာလ ၁၂ ရက်နေ့ နံနက်ပိုင်းက KNLA တပ်မဟာ(၁)နဲ့ NUG၊ CRPH တို့ရဲ့လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားတွေက လက်နက်ကြီး၊ လက်နက်ငယ်တွေနဲ့ ဘုရားဖူးပြည်သူတွေကို အကြောင်းမဲ့ရက်စက်စွာပစ်ခတ်ခဲ့လို့ ဘုရားဖူးပြည်သူ သုံးဦးသေဆုံးပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့တာကို စိတ်မကောင်းစွာ ကြားသိရပါတယ်။ ဘုရားဖူးတွေကို တိုက်ခိုက်တယ်ဆိုတာ ဖြစ်နေကျ အကြမ်းဖက်တိုက်ခိုက်မှုတွေထက် ပိုမိုဆိုးရွားတဲ့ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပါတယ်။ ကျိုက်ထီးရိုးဘုရားဖူး သမိုင်းတစ်လျှောက်မှာ ဖြစ်တောင့်ဖြစ်ခဲ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပါတယ်။

တစ်ချိန်က နယ်မြေမအေးချမ်းတဲ့ကာလမှာတောင် ကျိုက်ထီးရိုးဘုရားကို ပြည်သူတွေ ဖြောင့်ဖြောင့်တန်းတန်း ဘုရားဖူးနိုင်ခဲ့ကြပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ ဝန်းကျင်ကာလက ဘုရားဖူးတွေ ကျိုက်ထီးရိုးတောင်ပေါ်ကို ခြေကျင်တက်ဖူးမြော်ကြရပါတယ်။ တောင်ပေါ်တက်ဖို့ ရေမြောင်ကြီး တစ်ထောက်နားစခန်းမှာ သောင်းကျန်းသူတွေရဲ့ တိုက်ခိုက်မှုတစ်ခုဖြစ်ခဲ့တာကို မှတ်မိပါသေးတယ်။

ယခုနှစ်ပေါင်းများစွာကြာမှ လူရမ်းကား PDF နဲ့ အပေါင်းအပါတွေဟာ ဘာသာတရားနဲ့ဆိုင်တဲ့ နေရာကို လာရောက်တိုက်ခိုက်တာဟာ ယုတ်မာရက်စက်တဲ့ လုပ်ရပ်တစ်ခုဖြစ်ပါတယ်။ ဖြစ်စဉ်မှာ ကျိုက်ထီးရိုးတောင်တော်မှာ တိုင်းရင်းသားပြည်သူတွေ ဝါကျွတ်ကာလ ဘုရားဖူးမြော်ကုသိုလ်ယူဖို့ စည်ကားစုရုံးနေချိန်မှာ အကြမ်းဖက်သမား ပူးပေါင်းအဖွဲ့တွေဟာ နံနက် ၁၀ နာရီ ၂၅ မိနစ်မှာ ဆောင်နိုင်ကြီးကျေးရွာဘက်မှ မော်တော်ယာဉ်တစ်စီးနဲ့ ရောက်ရှိလာပြီး လက်နက်ကြီး၊ လက်နက်ငယ်တွေနဲ့ အကြောင်းမဲ့ ရက်စက်မိုက်မဲစွာ ပစ်ခတ်ခဲ့ကာ ဆောင်နိုင်ကြီး ကျေးရွာဘက်ကို ပြန်လည်ထွက်ပြေးသွားကြပါတယ်။

## သူရဲဘောကြောင်တဲ့လုပ်ရပ်

ထူးခြားတာတစ်ခုက အပြစ်မဲ့ဘုရားဖူးပြည်သူတွေကို အကြောင်းမဲ့ရက်ရက်စက်စက် ပစ်ခတ်တိုက်ခိုက်တာကို သက်သေအထောက်အထားနဲ့ ပြည်သူတွေ မြင်တွေ့ခံစားနေရပါလျက်နဲ့ တပ်မတော်က ပစ်ခတ်လို့ဖြစ်ရတာပါလို့ ပြည်ပလက်ဝေခံ ပြည်ဖျက်မီဒီယာအချို့က အောက်တန်းကျစွာ မဟုတ်မမှန်သတင်းထုတ်လွှင့်တာကို တွေ့လိုက်ရပါတယ်။

ဂျီနီဗာကွန်ဗင်းရှင်းကို ချိုးဖောက်တဲ့ ရက်စက်ယုတ်မာတဲ့လုပ်ရပ်ကို ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို အသံကောင်းလွှင့်တဲ့ ပြည်ပနိုင်ငံကြီးအချို့က နှုတ်ဆိတ်နေကြပါတယ်။ ဒီနေရာမှာ အကြောင်းတိုက်ဆိုင်လို့ ပြန်လည်ဖောက်သည်ချရမယ်ဆိုရင် ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့က ဂျမ္မူးနဲ့ ကက်ရှ်မီးယားမှာ အိန္ဒိယဘုရားဖူးတွေကို အကြမ်းဖက်သမားတွေက တိုက်ခိုက်လို့ အနောက်နိုင်ငံကြီးတစ်နိုင်ငံက စာထုတ်ပြီး ကန့်ကွက်ရှုတ်ချခဲ့တာကို လေ့လာကြည့်ရင်တွေ့နိုင်ပါတယ်။

> **ကျိုက်ထီးရိုးတောင်တက်ကားဂိတ်ကို တိုက်ခိုက်တာဟာ ဗုဒ္ဓဘာသာဘုရားဖူးပြည်သူတွေကို ထိခိုက်ရုံသာမကပါဘူး။ ဘုရားနဲ့ဆက်နွှယ်ပြီး အလုပ်လုပ်နေတဲ့သူတွေ၊ ဘုရားဖူးတွေကိုအကြောင်းပြုပြီး ရိုးသားစွာမှီခိုအသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ ဈေးရောင်းကြတဲ့ပြည်သူတွေ၊ ဘုရားဖူးသယ်ယူပို့ဆောင်ရေးလုပ်ကိုင်နေကြတဲ့သူတွေအားလုံး ထိခိုက်ကြတာဖြစ်လို့ အလွန်ဆိုးရွားတဲ့လုပ်ရပ်လို့ ဆိုရမှာဖြစ်**

"ဂျမ္မူးနဲ့ ကက်ရှ်မီးယားမှာ ဖြစ်ပွားခဲ့တဲ့ ဘုရားဖူးတွေအပေါ် သူရဲဘောကြောင်စွာ အကြမ်းဖက်တိုက်ခိုက်မှုကို အမေရိကန်ပြည်ထောင်စုအနေဖြင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း၊ နစ်နာသူမိသားစုများ၊ အိန္ဒိယလူမျိုးများနှင့် ထပ်တူဝမ်းနည်းရပါကြောင်း၊ ဘာသာရေးလွတ်လပ်ခွင့်ကို တိုက်ခိုက်မှုဟာ အခြေခံအကျဆုံး လွတ်လပ်ခွင့်ကို တိုက်ခိုက်မှုပင်ဖြစ်ကြောင်း" အပြစ်တင်ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ အလားတူဖြစ်ရပ်မှာတော့ အသံနည်းနည်းတောင် ထွက်မလာတာဟာ အံ့သြစရာဖြစ်ပါတယ်။ ဘုရားဖူးတွေကို တိုက်ခိုက်တယ်ဆိုတာ သူရဲဘောကြောင်တဲ့ကိစ္စဖြစ်ပါတယ်။ အပြစ်မရှိတဲ့ မတုံ့ပြန်နိုင်တဲ့လူကို အလစ်အငိုက်ဝင်တိုက်တာဟာ သတ္တိမရှိတဲ့၊ သူရဲဘောကြောင်တဲ့သူတွေဖြစ်ပါတယ်။ ဒီလိုလုပ်ရပ်တွေနဲ့ တော်လှန်ရေးခေါင်းစဉ်တပ်တာ ရှက်စရာကောင်းလှပါတယ်။

## အလွန်ဆိုးရွားတဲ့လုပ်ရပ်

မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးပြီး လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိတဲ့နိုင်ငံဖြစ်ပါတယ်။ ဗုဒ္ဓဘာသာတွေရဲ့ အခါကြီးရက်ကြီးမှာ သပိတ်မှောက်ဖို့ လှုံ့ဆော်တာ၊ ဆရာတော်သံဃာတော်တွေကို ပြစ်မှားစော်ကားတာ၊ သွေးမြေကျအောင် ပြုလုပ်တာတွေဟာ မြန်မာနိုင်ငံမှာ မဖြစ်သင့်မဖြစ်ထိုက်တဲ့ကိစ္စတွေ ဖြစ်ပါတယ်။ အကယ်၍ ဒီလိုကိစ္စမျိုးကို တခြားဘာသာရေးဆိုင်ရာတွေမှာ ပြုလုပ်မယ်ဆိုရင် နောက်ဆက်တွဲဆိုးကျိုးတွေ ဘယ်လိုဖြစ်လာနိုင်တယ်ဆိုတာကို တွေးကြည့်နိုင်ပါတယ်။

ကျိုက်ထီးရိုးတောင်တက်ကားဂိတ်ကို တိုက်ခိုက်တာဟာ ဗုဒ္ဓဘာသာဘုရားဖူးပြည်သူတွေကို ထိခိုက်ရုံသာမကပါဘူး။ ဘုရားနဲ့ဆက်နွှယ်ပြီး အလုပ်လုပ်နေတဲ့သူတွေ၊ ဘုရားဖူးတွေကို အကြောင်းပြုပြီး ရိုးသားစွာ မှီခိုအသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ ဈေးရောင်းကြတဲ့ပြည်သူတွေ၊ ဘုရားဖူး သယ်ယူပို့ဆောင်ရေးလုပ်ကိုင်နေကြတဲ့သူတွေ အားလုံး ထိခိုက်ကြတာဖြစ်လို့ အလွန်ဆိုးရွားတဲ့လုပ်ရပ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒါကြောင့် ဘာသာရေးဆိုင်ရာတွေ၊ ဘုရားဖူးတွေကို တိုက်ခိုက်တဲ့ ဘယ်လိုအကြမ်းဖက်တိုက်ခိုက်မှုတွေကိုမဆို အားလုံးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချဖို့ လိုအပ်ပါတယ်။ ကျိုက်ထီးရိုးဘုရားဖူးတွေကို အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်လို့ သေဆုံး၊ ဒဏ်ရာရသူတွေအတွက် စိတ်မကောင်းခြင်းကြီးစွာဖြစ်ပြီးချိန်မှာ အလားတူနောက်ထပ် တိုက်ခိုက်မှုတွေ ဒီရက်ပိုင်းမှာ ဆက်တိုက်ဖြစ်ပေါ်လာပြန်ပါတယ်။

အောက်တိုဘာလ ၁၄ ရက်နေ့မှာ တီးတိန်မြို့မှ ကလေးမြို့သို့ထွက်ခွာလာတဲ့ ခရီးသည်တင်ယာဉ်ကို အကြမ်းဖက်သမားတွေက လက်လုပ်မိုင်းနဲ့ အကြောင်းမဲ့တိုက်ခိုက်လို့ ကလေးငယ်တစ်ဦးအပါအဝင် ခရီးသည်ခြောက်ဦး ထိခိုက်ဒဏ်ရာရခြင်း၊ အောက်တိုဘာလ ၁၆ ရက်နေ့မှာ ပခုက္ကူမြို့နယ် ဘုန်းကံကျေးရွာအတွင်းကို ဒရုန်းယာဉ်ပေါ်က လက်လုပ်ဗုံး ဖြုတ်ချခဲ့တာကြောင့် ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရခြင်း၊ အောက်တိုဘာလ ၁၇ ရက်နေ့မှာ ပခုက္ကူမြို့နယ် ညောင်လှကျေးရွာအနီးမှာ အကြမ်းဖက်သမားတွေ ထောင်ထားတဲ့ လက်လုပ်မိုင်း ပေါက်ကွဲတာကြောင့် သံဃာတော်တစ်ပါး ပျံလွန်တော်မူပြီး နှစ်ပါးဒဏ်ရာရခြင်း ဖြစ်စဉ်တွေ ဖြစ်ခဲ့ပါတယ်။

## လူသားတံတိုင်းအသုံးချ

ဆိုးရွားတဲ့နောက်တစ်ခုက အောက်တိုဘာလ ၁၉ ရက်နေ့ နံနက်မှာ အင်းစိန်ဗဟိုအကျဉ်းထောင် ဝင်/ ထွက်ဂိတ်ပေါက် အကျဉ်းသားတွေအတွက် ပေးပို့တဲ့ ပါဆယ်ထုပ်လက်ခံတဲ့ အဆောက်အအုံအတွင်းမှာ ပါဆယ်မိုင်းပေါက်ကွဲတာကြောင့် အကျဉ်းထောင် ဝန်ထမ်းသုံးဦးနဲ့ ပါဆယ်လာပို့တဲ့ အကျဉ်းသားရဲ့မိသားစုဝင် ငါးဦးသေဆုံးခဲ့ပြီး အကျဉ်းထောင်ဝန်ထမ်းအပါအဝင် အကျဉ်းသားတွေရဲ့ မိသားစုဝင် ၁၈ ဦး မိုင်းထိမှန် ဒဏ်ရာတွေရရှိခဲ့ပါတယ်။

ဒ့ါအပြင် အောက်တိုဘာလ ၂၁ ရက်နေ့ နံနက် ၇ နာရီခွဲခန့်မှာ KKO ခွဲထွက်အဖွဲ့နဲ့ NUG၊ CRPH အကြမ်းဖက်အဖွဲ့တွေရဲ့ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားတွေဟာ ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင်းကို လက်နက်ကြီးတွေနဲ့ ပစ်ခတ်ပြီးနောက် လူနေအိမ်၊ ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာတွေထဲ ဝင်ရောက်ပစ်ခတ်ခဲ့လို့ လက်ရှိအချိန်အထိ အပြစ်မဲ့ပြည်သူသုံးဦး သေဆုံးခဲ့ပြီး စုစုပေါင်း ၁၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြပါတယ်။ ဝန်ထမ်းရပ်ကွက်အတွင်း သာလွန်အင်အားနဲ့ ရောက်ရှိလာတဲ့ သောင်းကျန်းသူတွေဟာ ပြည်သူတွေနေထိုင်တဲ့ နေအိမ်တွေအတွင်းမှ ပြည်သူတွေနဲ့ နေအိမ်တွေကို အကာအကွယ်ယူပြီး လူသားတံတိုင်းအဖြစ် အသုံးချတိုက်ခိုက်ခဲ့လို့ လုံခြုံရေးတပ်ဖွဲ့တွေအနေနဲ့ ပြည်သူတွေကို မထိခိုက်စေဖို့ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ရတာကြောင့် ညနေ ၃ နာရီခန့်မှ သောင်းကျန်းသူတွေ ကစဉ့်ကလျားဆုတ်ခွာထွက်ပြေးသွားခဲ့ပါတယ်။

ဆုတ်ခွာထွက်ပြေးသွားတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကို တပ်မတော်စစ်ကြောင်းတွေက လေကြောင်း၊ အမြောက်၊ သံချပ်ကာပစ်ကူတွေနဲ့ လိုက်လံချေမှုန်းလျက်ရှိတယ်လို့ သိရပါတယ်။ KNU/KNLA တပ်မဟာ(၆) လက်အောက်ခံ တပ်ရင်းတွေ၊ KKO ခွဲထွက်အဖွဲ့နဲ့ NUG၊ CRPH၊ PDF အကြမ်းဖက်သမားတွေ ပူးပေါင်းဆင်နွှဲတဲ့ မြို့ရွာလုံခြုံရေးတွေကို အလစ်အငိုက်တိုက်ခိုက်တဲ့ မဟာစစ်ဆင်ရေးကြီးဟာ ပြည်သူတွေရဲ့ အသေးစိတ်သတင်းပေးမှု၊ ပစ်ကူတွေရဲ့တိကျစွာဆောင်ရွက်နိုင်မှု၊ လုံခြုံရေးတပ်ဖွဲ့တွေရဲ့ ရှပ်ရှပ်ချွံချွံ တုံ့ပြန်တိုက်ခိုက်နိုင်မှုတွေကြောင့် အကြမ်းဖက်သောင်းကျန်းသူတွေ ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြရပါတယ်။ ဒါပေမဲ့လည်း အများသိကြတဲ့အတိုင်း ပြည်ဖျက်မီဒီယာတွေက ပြောင်းပြန်လှန်၊ လုပ်ကြံဖန်တီး၊ အခွင့်အရေးစောင့်နေကြသူတွေလည်း ရှိပါတယ်။

## မိုက်မဲတဲ့အကြမ်းဖက်လုပ်ရပ်

NUG၊ CRPH နဲ့အပေါင်းပါ အကြမ်းဖက်အဖွဲ့တွေရဲ့ အပြစ်မဲ့ပြည်သူတွေ ထိခိုက်သေကျေပျက်စီးအောင် ပြုလုပ်တာတွေကို သုံးသပ်ကြည့်ရင် ၎င်းတို့ရဲ့ရပ်တည်ချက်နဲ့ အဆင့်အတန်းကို ခန့်မှန်းကြည့်နိုင်ပါတယ်။ ဝါကျွတ်ကာလ အားလပ်ရက်မှာ နိုင်ငံအနှံ့အပြားမှာရှိတဲ့ ဘုရားကျောင်းကန်တွေ၊ အပန်းဖြေစခန်းတွေမှာ စည်ကားသိုက်မြိုက်အေးချမ်းပျော်ရွှင်စွာ အပန်းဖြေအနားယူကြ၊ ဘုရားဖူးမြော်ကုသိုလ် ကောင်းမှုပြုလုပ်ကြတာတွေကို မနာလိုမရှုဆိတ်ဖြစ်တာကြောင့် အောက်တန်းကျတဲ့ လုပ်ရပ်နဲ့ အဖျက်အမှောင့် အလုပ်တွေကို တိုးမြှင့်လုပ်ဆောင်လာတာဖြစ်ပါတယ်။

စစ်ရေးနဲ့မသက်ဆိုင်တဲ့ အများပြည်သူ အေးချမ်းစွာကုသိုလ်ယူကြတဲ့ သာသနာ့နယ်မြေအတွင်းဝင်ရောက်ပြီး ရက်စက်စွာ အကြမ်းဖက်လုပ်ကြံတာတွေ၊ အကြောင်းအမျိုးမျိုးနဲ့ ပြစ်ဒဏ်ကျခံနေကြရတဲ့သူတွေနဲ့သက်ဆိုင်တဲ့ ပူဆွေးသောကရောက်နေတဲ့ မိသားစုဝင်တွေကို စာနာထောက်ထားခြင်းမရှိဘဲ အကြောင်းမဲ့ရက်စက်စွာ တိုက်ခိုက်သတ်ဖြတ်တာ၊ မြို့တွေ၊ ရွာတွေကို အလစ်အငိုက်ဝင်ရောက်ပြီး အပြစ်မဲ့ ပြည်သူတွေ ထိခိုက် သေကျေပျက်စီးအောင် လူသားတံတိုင်းလို ပြုလုပ်တာ စတဲ့လုပ်ရပ်တွေဟာ ရက်စက်မိုက်မဲတဲ့ အကြမ်းဖက်လုပ်ရပ်တွေသာ ဖြစ်ပါတယ်။

စစ်ရေးပစ်မှတ်မဟုတ်တဲ့ အရပ်ဘက် အပြစ်မဲ့ပြည်သူတွေကို သေကျေဒဏ်ရာရအောင် ပြုလုပ်တာဟာ ဂျီနီဗာကွန်ဗင်းရှင်းတွေနဲ့ အပြည်ပြည်ဆိုင်ရာဥပဒေတွေအရ စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ရာရောက်တဲ့အတွက် အဆိုပါစစ်ရာဇဝတ်မှုတွေကို ထိရောက်စွာ တိုက်ဖျက်နှိမ်နင်းရမှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနဲ့ သက်ဆိုင်ရာ တည်ဆဲဥပဒေတွေနဲ့ ထိရောက်စွာတုံ့ပြန်အရေးယူဆောင်ရွက်နိုင်ဖို့ လုံခြုံရေးတပ်ဖွဲ့တွေက အကြမ်းဖက်ချေမှုန်းရေးဆောင်ရွက်မှု (Counter-terrorism Action) ကို ထိရောက်စွာဆောင်ရွက်နေပြီဖြစ်လို့ ပြည်သူတွေအနေနဲ့လည်း လုံခြုံစိတ်ချစွာနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်အေးချမ်းသာယာအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ။

■

# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ နာယကကြီးများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များတွေ့ဆုံပွဲ ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ နာယကကြီးများနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် Virtual စနစ်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီနာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ နာယကများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင်များ တက်ရောက်သည်။

**ရွေးချယ်ဖွဲ့စည်းနိုင်ခဲ့**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ် ဧပြီ ၂၆ ရက်တွင် ပြဋ္ဌာန်းသည့် ဥပဒေအမှတ် (၄၀/၂၀၂၂) ဖြင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေအား ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါကြောင်း၊ နာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကောင်စီဝင် ၅၇ ဦးကို ရွေးချယ်ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ နာယကအဖွဲ့ဝင် ခုနစ်ဦးမှ အငြိမ်းစားပညာရှင်၊ ဌာနဆိုင်ရာ၊ ပြင်ပပညာရှင်နှင့် သက်ဆိုင်ရာ အစုအဖွဲ့ ကိုယ်စားလှယ်များအလိုက် သတ်မှတ်ထားသော ကောင်စီဝင်လောင်းများကို သေချာစွာစိစစ်ပြီး ပွင့်လင်းမြင်သာစွာ ဆန္ဒမဲဖြင့် ဆန္ဒပြုရွေးချယ်ပေးခဲ့ကြောင်း၊ နာယကအဖွဲ့က ရွေးချယ်ခဲ့သည့် ကောင်စီဝင်များသည် တတိယအကြိမ် ကောင်စီဝင်များအဖြစ် ၂၀၂၂ ခုနှစ် မေ ၅ ရက်တွင် ကတိသစ္စာပြုပြီး ဒုတိယအကြိမ် အင်ဂျင်နီယာကောင်စီမှ ကောင်စီ၏ လုပ်ငန်းတာဝန်များကို လွှဲပြောင်းယူခဲ့ကြခြင်း ဖြစ်ကြောင်း၊ တတိယအကြိမ် ကောင်စီမှ ကောင်စီဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကောင်စီဝင်များသည် လုပ်ငန်းတာဝန် လွှဲပြောင်းရယူခဲ့သည့် နေ့မှစပြီး ယနေ့အချိန်အထိ လုပ်ငန်းတာဝန်များကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ ကောင်စီ၏ လုပ်ငန်းတာဝန်များသည် ဥပဒေ/ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရသည် ဖြစ်သည့်အတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများစွာ ရှိနိုင်ကြောင်း၊ ထိုအခက်အခဲများကို သည်းခံစိတ်၊ ဇွဲ၊ လုံ့လတို့ဖြင့် ဆောင်ရွက်သွားကြမည်ဆိုလျှင် ကျော်လွှားနိုင်မည်ဟု ယုံကြည်ကြောင်း၊ Washington Accord တင်းပြည့်အဖွဲ့ဝင်ဖြစ်ရေး ဆောင်ရွက်ရာတွင် ရင်ဆိုင်ရမည့် အခက်အခဲများစွာ ရှိမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များအနေဖြင့် တတိယအကြိမ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတွင် ကောင်စီ၏ လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာ ဆက်လက် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ဆွေးနွေးပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး၏ စိုက်ပျိုး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ ကာလတိုအတွင်း သိသာစွာ တိုးတက်ရေးကြိုးပမ်း

**နေပြည်တော် အောက်တိုဘာ ၂၅**

သုတေသနရလဒ်ကောင်းတစ်ခုသည် သက်ဆိုင်ရာကဏ္ဍ၏ အောင်မြင်ဖွံ့ဖြိုးမှုနှင့် ပြောင်းလဲတိုးတက်မှုကို တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း၊ ယခုအခါ ရေလုပ်ငန်းဆိုင်ရာ သဘာဝသယံဇာတနှင့် မျိုးစိတ်များစွာ ကြွယ်ဝသည့် တနင်္သာရီတိုင်းဒေသကြီး၌ ငါးသုတေသနလုပ်ငန်းကို ဌာနနှင့် ပုဂ္ဂလိက၏ ပူးပေါင်းမှုဖြင့် ဆောင်ရွက်နိုင်ကြပြီဖြစ်၍ ငါးလုပ်ငန်းကဏ္ဍအတွက်သာမက ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး တိုးတက်ရေးကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဒုတိယဝန်ကြီးက တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ပြင်ထပ်အော် ရေငန်ငါးသုတေသနစခန်းသို့ ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးတို့ ပြင်ထပ်အော် ရေငန်ငါးသုတေသနစခန်း ပုစွန်သားဖောက်ကန်များ တည်ဆောက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာတွင် မွေးမြူရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာသန်းနိုင်ထွန်းနှင့် တာဝန်ရှိသူများက သုတေသနဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ငါးလုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသရင်းငါးမျိုးစိတ်များ သားဖောက် အသားတိုးမွေးမြူရန် အလားအလာရှိသည့် ရေချို၊ ရေငန်ငါး၊ ပုစွန် မျိုးစိတ်များအား စူးစမ်းလေ့လာရေးနှင့် အသုံးချ သုတေသနရလဒ်များ ဖြန့်ဝေရေးလိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး ကျောက်ငါး၊ ငါးပါးနီနှင့် ကကတစ်ငါးများ ရေပေါ်လှောင်အိမ်ဖြင့် မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျွန်းစုမြို့နယ် ခိုင်ဇင်ယော်ကုမ္ပဏီ ခေတ်မီရေငန်ပုစွန် မွေးမြူရေးစီမံကိန်းရှိ ပုစွန်မွေးကန်များကိုလည်းကောင်း၊ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်(ကတ္တလူ) ခေတ်မီရေငန် ပုစွန်မွေးမြူရေးစီမံကိန်းတွင် ပုစွန်ကုန်ချော ထုတ်လုပ်နေမှုလုပ်ငန်း အဆင့်ဆင့်ကိုလည်းကောင်း၊ ခေတ်မီပုစွန်မွေးမြူရေးကန်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် မြိတ်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်းဒေသကြီးရှိ လယ်ယာကဏ္ဍဆိုင်ရာ တိုင်းဒေသကြီးအဆင့်နှင့် ခရိုင်အဆင့်တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ဌာနနှင့် ပုဂ္ဂလိကများအကြား ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ တနင်္သာရီတိုင်းဒေသကြီး၏ စိုက်ပျိုး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ ကာလတိုအတွင်း သိသာစွာ ပြောင်းလဲတိုးတက်ရေးအတွက် ဒေသအလိုက်၊ သီးနှံအလိုက်၊ လုပ်ငန်းကဏ္ဍအလိုက် အစီအမံများ စနစ်တကျ ရေးဆွဲချမှတ်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြား ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ခရိုင်အတွင်းရှိ ကျေးရွာလေးရွာ၌ CWF စီမံကိန်း ဆောင်ရွက်ပြီးစီး

**ပြည် အောက်တိုဘာ ၂၅**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ကျေးရွာလေးရွာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် Cash For Work စီမံကိန်း ထောက်ပံ့ရန်ပုံငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ပြည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ပြည်ခရိုင်အတွင်း ပုဏ္ဏမကျေးရွာ၌ မြေနီခင်းခြင်းလုပ်ငန်း၊ စိုင်ပစ်အင်းကျေးရွာ၌ မြေသား ရေကန်တိုးချဲ့ခြင်းလုပ်ငန်း၊ ရွာသစ်ကျေးရွာ၌ စိုက်ပျိုးရေသွင်း ရေထုတ်မြောင်းများတူးဖော်ခြင်း၊ ကံသုံးဆင့်ကျေးရွာ၌ မြေသားရေကန် အနက်နှိုက်ခြင်း လုပ်ငန်းနှင့် လက်နှိပ် တုံကင်တပ်ဆင်ခြင်း လုပ်ငန်းများကို Cash For Work စီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သန်း ၄၀ ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းက ပြောသည်။

**သုတ**



**ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

## အကျိုးတူလယ်ယာ (Contract Farming)စနစ်ဖြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်း စီမံကိန်း အကောင်အထည်ဖော်ရေးအတွက် အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ လမ်းညွှန်စီမံခန့်ခွဲမှုဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကျိုးတူလယ်ယာစနစ် (Contract Farming) စနစ်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နွေစပါးသီးနှံနှင့် ဆောင်းပဲတီစိမ်းသီးနှံအား အကျိုးတူလယ်ယာ (Contract Farming)စနစ်ဖြင့် ဆောင်ရွက်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းတို့နှင့် ညှိနှိုင်း၍ အကျိုးတူလယ်ယာစနစ်ဖြင့် ဆောင်ရွက်လိုသော ကုမ္ပဏီများအား ဖိတ်ခေါ်ထားပြီးဖြစ်ပါသည်။

စိတ်ပါဝင်စားသော ကုမ္ပဏီများ၊ အသင်းအဖွဲ့များအနေဖြင့် စပါးသီးနှံအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့်လည်းကောင်း၊ ဆောင်းပဲတီစိမ်းသီးနှံအတွက် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များ အသင်းနှင့်လည်းကောင်း၊ တောင်သူများကို သွင်းအားစု ဖြန့်ဖြူးနိုင်ရေးအတွက် မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များ အသင်းတို့နှင့် လည်းကောင်း အမြန်ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ထပ်မံအသိပေးထုတ်ပြန်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ (၀၁-၂၁၈၂၆၆၊၀၁-၂၃၀၁၁၂၈)၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များ အသင်း၊ (၀၁-၂၃၁၄၈၂၈၊ ၀၁-၂၃၁၄၈၃၆)၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်း၊ (၀၉-၇၆၅၄၁၁၃၇၀၊ ၀၉-၅၀၁၂၆၆၂)တို့အား ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန**

# တက္ကသိုလ် ဒုတိယနှစ်နှင့်အထက် သင်တန်းများအားလုံး နိုဝင်ဘာ ၁၀ ရက်တွင် ဖွင့်လှစ်မည်

**နေပြည်တော် အောက်တိုဘာ ၂၅**

တက္ကသိုလ်ဒုတိယနှစ်နှင့်အထက် သင်တန်းများအားလုံး နိုဝင်ဘာ ၁၀ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ အောက်တိုဘာ ၂၇ ရက်မှစ၍ စနေ၊ တနင်္ဂနွေ အပါအဝင် နိုဝင်ဘာ ၁၈ ရက်အထိ ကျောင်းအပ်လက်ခံကြရမည်ဖြစ်ပါကြောင်း၊ ပထမနှစ်သင်တန်းကို နိုဝင်ဘာ ၂၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ် မတ် ၉ ရက်တွင် တက္ကသိုလ်နှစ်ဝက်စာမေးပွဲများ ကျင်းပမည်ဖြစ်၍ စာသင်ချိန်အပြည့် သင်ကြားပေးသွားကြရမည်ဖြစ်ပါကြောင်း၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများအနေဖြင့် သင်ကြားရေးကိစ္စရပ်များကို ကြိုတင်ပြင်ဆင်ထားကြစေလိုပါကြောင်း၊ ဘာသာရပ်အလိုက် အတန်းခွဲဝေရာတွင် ခွဲခြားမှု၊ ဘက်လိုက်မှုမရှိဘဲ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပြောကြားသည်။

ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်များဖွင့်လှစ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ ကျင်းပရာတွင် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။




**နွေးထွေးသည့်ဆက်ဆံရေး**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်တစ်ခုတည်း၊ ဘာသာရပ်ဌာန တစ်ခုတည်းတွင် အတူလက်တွဲလုပ်ကိုင်နေသူအချင်းချင်းဖြစ်သဖြင့် အုပ်စုမဖွဲ့သင့်ကြောင်း၊ ခွဲခြားမဆက်ဆံသင့်ပါကြောင်း၊ အောက်တိုဘာ ၇ ရက်တွင်ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၂)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဝန်ထမ်းများ အထက်အောက် ခင်မင်ရင်းနှီးစွာဖြင့် နေထိုင်ပြီး မိသားစုဆက်ဆံရေးပုံစံဖြင့် နေထိုင်ကြရန်လိုကြောင်း၊ လက်အောက်ကို စေတနာထားပြီး နွေးထွေးသည့်ဆက်ဆံရေးကို တည်ဆောက်၍ ဆောင်ရွက်မည်ဆိုပါက အပြန်အလှန်နားလည်မှုများ ရရှိပြီး လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုမြန်ဆန်အောင်မြင်လာမည်ဖြစ်ကြောင်းဖြင့် လမ်းညွှန်မှုပြုခဲ့ခြင်းကို လိုက်နာဆောင်ရွက်ကြရန် ထပ်ဆင့်မှာကြားလိုပါကြောင်း။

ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခများအနေဖြင့် မိမိတို့ တက္ကသိုလ်ပတ်ဝန်းကျင်၊ ဌာနဝန်းကျင်၊ စာသင်ဆောင်ဝန်းကျင်နှင့် စာသင်ခန်းတွင်း သန့်ရှင်းသာယာရေး၊ ဥပမိရုပ်ကောင်းမွန်ရေးနှင့် လုံခြုံရေးအတွက် လှည့်လည်ကြည့်ရှုစစ်ဆေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ အချိန်မှန် အတန်းဝင်ရောက်သင်ကြားရေးကို နေ့စဉ်ကြီးကြပ်ကြရမည်ဖြစ်ပါကြောင်း၊ ရုံးစာများကို လူမှုကွန်ရက်ပေါ်တင်လျှင် ပြင်းထန်စွာအရေးယူခံရမည်ကို ဝန်ထမ်းများအားလုံး သိရှိနားလည်လိုက်နာစေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာသာရပ်နှင့်ဆက်စပ်သည့်ဒေသအကျိုးပြုသုတေသနများ ဆောင်ရွက်ကြစေလိုပါကြောင်း၊ သို့မှသာ ပညာရေးဖြင့် ဒေသအလိုက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ မိမိတက္ကသိုလ်၊ မိမိဘာသာရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ညှိနှိုင်းဆွေးနွေး**

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တက္ကသိုလ်ဥပမိရုပ်နှင့် သန့်ရှင်းသာယာရေးကို စိစစ်မည့်အစီအစဉ်၊ နိုင်ငံခြားပြန်ပညာတော်သင်များထံမှ ပညာရေးမြှင့်တင်မှု အကြံပြုချက်များရယူမည့်အစီအစဉ်နှင့် ဆရာ ဆရာမ မွမ်းမံသင်တန်းများစဉ်ဆက်မပြတ် ပို့ချမည့်အစီအစဉ်တို့ကို ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်တို့က တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များ ပြန်လည်ဖွင့်လှစ်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယနေ့ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာနတက္ကသိုလ်၊ ဒီဂရီကောလိပ် ၇၅ ကျောင်းမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ စီမံ/ ဘဏ္ဍာဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ သင်တန်းများဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၂၅**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၂၄ ကျောင်းတို့တွင် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်းတို့အား ယနေ့ နံနက်ပိုင်းတွင် ဖွင့်လှစ်ခဲ့သည်။



တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကို အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကော့သောင်း သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ဖွင့်လှစ်ပေး**

ထိုသို့ဖွင့်လှစ်ရာ၌ လွိုင်ကော်မြို့ သင်တန်းကျောင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဘားအံမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မုဒုံမြို့ သင်တန်းကျောင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပုသိမ်မြို့ သင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကော့သောင်းမြို့ သင်တန်းကျောင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ လားရှိုးမြို့ သင်တန်းကျောင်းတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးတို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ကျန်သင်တန်းကျောင်းများအား သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများနှင့် ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ သင်တန်းကို နယ်စပ်ဒေသအပါအဝင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော ဒေသများမှ အမျိုးသမီးငယ်များအား အဆင့်မြင့် စက်ချုပ်ပညာရပ်များ သင်ကြား တတ်မြောက်စေခြင်းဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး မိသားစုအပိုဝင်ငွေရရှိနိုင်စေရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရေးနှင့် ကိုယ်ပိုင်စက်ချုပ်ဆိုင်များ ဖွင့်လှစ် လုပ်ကိုင်နိုင်စေရေး ရည်ရွယ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယနေ့ဖွင့်လှစ်သည့် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံလက်ရက်ကန်း သင်တန်းသို့ သင်တန်းသူစုစုပေါင်း ၇၉၀ တက်ရောက်၍ အောက်တိုဘာ ၂၅ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၂၄ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများတွင် ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသူစုစုပေါင်း ၉၄၂၃၂ဦးသင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘီးလင်းမြို့နယ် သမဝါယမအသင်းစုလီမိတက်က နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ဘီးလင်း အောက်တိုဘာ ၂၅**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်အထိ ကြားကာလဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဘီးလင်းမြို့ ကန်သာယာရပ်ကွက်ရှိ အသင်းစုပိုင်ရုံးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးတင်ကြိုင်က ဆောင်ရွက်ခဲ့ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ဒါရိုက်တာအဖွဲ့ လုပ်ငန်းအစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအား ဖတ်ကြားရှင်းလင်း၍ ဆွေးနွေးသဘောတူညီချက်ရယူကာ အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


# တိုက်ကြီးမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

**တိုက်ကြီး အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ ယနေ့ နံနက်ပိုင်းက ရင်းတိုက်လေးပင်ကျေးရွာ ရွှေဟင်္သာဘုန်းတော်ကြီးကျောင်း၌ အခြေခံစက်ချုပ်သင်တန်း (၅/၂၀၂၂)ကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် တိုက်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်လဲ့လဲ့မွန်က အဖွင့်အမှာစကားပြောကြားပြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်စုသီတာလင်းက အခြေခံစက်ချုပ်သင်တန်း သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ တိုက်ကြီးမြို့နယ် သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းထွန်းနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး သင်တန်းကို တိုက်ကြီးမြို့နယ် ပုဂ္ဂလိကစက်ချုပ်သင်တန်း ဖွင့်လှစ်ထား



သည့် နည်းပြဆရာမ ဒေါ်မိုးသူဇာက နည်းပညာများ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကာ ကျေးရွာနေပြည်သူ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိကြောင်းနှင့် သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၂ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပိတ်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

ယနေ့ပြပွဲတွင် ရောင်းချသည့် ကျောက်စိမ်းအတွဲအမှတ် (၁၅၀၁) မှ အတွဲအမှတ် (၂၁၅၀) အတွက် တင်သွင်းထားသော စျေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးရာ ကျောက်စိမ်းအတွဲပေါင်း ၅၁၉ တွဲ ရောင်းချရကြောင်း ကြေညာသည်။

**ရောင်းချပေးနိုင်ခဲ့**

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် ၂၉၆၀ အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း ၄၀၀ ကို အောက်တိုဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၃၆၂ တွဲကို လည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ ကို အောက်တိုဘာ ၂၂ ရက်တွင် ရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲပေါင်း ၅၅ တွဲကို လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၂၁၅၀ ကို အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲ ၁၈၃၆ တွဲကိုလည်းကောင်း ရောင်းချပေးနိုင်ခဲ့သည်။



ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ပြပွဲတွင် ဝယ်ယူခွင့်ရရှိခဲ့သော ကျောက်မျက်အတွဲများအတွက် တန်ဖိုးငွေများကို အရောင်းအဝယ်စာချုပ်တွင် သတ်မှတ်ထားသည့် ရက်ပေါင်း ၆၀ အတွင်း ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ပြပွဲများကျင်းပကာ မြန်မာ့ကျောက်မျက်ရတနာများကို ရောင်းချခြင်းဖြင့် ကျောက်မျက်ရတနာရောင်းဝယ်သူများအတွက် ငွေကြေးလည်ပတ်ခြင်း၊ ကျောက်မျက်ရတနာ အချောထည်လုပ်ကိုင်သူများအတွက် ကုန်ကြမ်းရရှိခြင်းနှင့် ကျောက်မျက်ကဏ္ဍမှ လုပ်သားများအတွက် အလုပ်အကိုင်များအဆင်ပြေခြင်း စသည့်အခွင့်အလမ်းများလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရမည့်အချက်များကို အတူတကွ လုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ ယခုလို တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်စေရန် တစ်ဦးတစ်ယောက်၊ ဌာနအဖွဲ့အစည်းတစ်ခုတည်းနှင့် လုပ်ယူ၍မရဘဲ ဆက်စပ်ဌာနအချင်းချင်း ပေါင်းစည်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျင်းပခဲ့သည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေး၌ နိုင်ငံတော်ဝန်ကြီးချုပ်က MSME ထုတ်လုပ်မှုကဏ္ဍမှာ လုပ်ငန်းအမျိုးအစား ၂၃ ခုရှိသော်လည်း ပြည်တွင်းရှိ ကုန်ကြမ်းများကို အသုံးပြု၍ လုပ်ကိုင်နိုင်သည့် လုပ်ငန်းအမျိုးအစား ၁၂ ခုကို ဦးစားပေးအနေဖြင့် ထုတ်လုပ်ဆောင်ရွက်ရန်နှင့် မွေးမြူရေးကဏ္ဍတွင် အဓိကစားသုံးသော ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးများကို တိုးမြှင့်မွေးမြူရန် လိုအပ်ကြောင်း လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ ယခုအစည်းအဝေးတွင် အေဂျင်စီအဖွဲ့ဝင်ပါဌာနများအနေဖြင့် မိမိတို့ဌာနအလိုက် MSME များ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြစေလိုကြောင်း၊ တင်ပြချက်များမှ အားသာချက်များကို လက်တွေ့အကောင်အထည်ဖော်ပြီး အားနည်းချက်များရှိပါက ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားလိုကြောင်း၊ ရှမ်းပြည်နယ်သည် မြေဧရိယာကျယ်ဝန်းသည့်အတွက် စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် အောင်မြင်ဖြစ်ထွန်းသကဲ့သို့ မွေးမြူရေးဇုန်များ ထပ်မံဖော်ထုတ်ရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်နယ် MSME Agency အနေဖြင့် ဒေသတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေသကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် မိမိတို့ဒေသအတွင်းရှိ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းတို့က ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသည့် ပြည်နယ်အဆင့်များဖြစ်သည့် ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ပြည်နယ်သမဝါယမဦးစီးဌာန၊ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်စည်ပင်သာယာရေးဌာနတို့မှ ပြည်နယ်ဦးစီးမှူးများက MSME လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရှမ်းပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ၎င်း၏ ညီနောင်အသင်းအဖွဲ့များက ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသည့် တောင်ကြီး၊ တာချီလိတ်၊ လားရှိုးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက အထွေထွေဆွေးနွေးတင်ပြရာ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

■

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လယ်ဝေးမြို့နယ် ချေးငွေအကြံပေးအဖွဲ့ ချေးငွေများ ပြန်လည်ရရှိရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လယ်ဝေးမြို့နယ် ချေးငွေအကြံပေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုးက အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်အထွေထွေမန်နေဂျာ ဦးခင်မောင်စိုးက ချေးငွေများ စဉ်ဆက်မပြတ်ထုတ်ချေးနိုင်ရေး၊ အချိန်စေ့လွန်ချေးငွေများ ပြန်လည်ရရှိရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်က အချိန်စေ့လွန် ချေးငွေများ ပြန်လည်ရရှိရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲမန်နေဂျာ ဒေါ်စမ်းမူယာအောင်က လယ်ဝေးခရိုင်ဘဏ်ခွဲ၏ စိုက်ပျိုးစရိတ်ချေးငွေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ တက်ရောက်လာကြသည့် မြို့နယ်ချေးငွေအကြံပေးအဖွဲ့များက ဖြည့်စွက်အကြံပေး ဆွေးနွေးကြပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုးသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများသို့ သွားရောက်၍ ဘဏ်ခွဲဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၉၉) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ





**ရန်ကုန် အောက်တိုဘာ ၂၅**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ဖွင့်လှစ်မည့် အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၉၉)၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ဃခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန် ဦးအောင်တင်စိုး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြားရေး/စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်းမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အရေးအကြီးဆုံးကဏ္ဍမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်၊ ရှေ့လုပ်ငန်းစဉ်များနှင့် နိုင်ငံတော်၏ အကောင်အထည်ဖော် ဆောင်ရွက်နေကြသည့် ကြိုးပမ်းအားထုတ်မှုများကို သိမြင်နားလည်ပြီး ဆရာ ဆရာမများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ မှန်ကန်ခိုင်မာမြင့်မားစေရန် မျိုးဆက်သစ်လူငယ်များကို ထိန်းကျောင်းလေ့ကျင့်ပေးရာတွင် အသိပညာ၊ ဗဟုသုတ၊ တွေးခေါ်မြော်မြင်မှု၊ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ၌ စံနမူနာပြ ဦးဆောင်နိုင်သူများဖြစ်ရန် ရည်ရွယ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် ဆရာ ဆရာမများက တပည့်များ၏ ကောင်းကျိုးကို လိုလားသူများ၊ တပည့်များ၏ဘဝကို ပြုစုပျိုးထောင်ဖန်တီးပေးသူများဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များ၏ အနာဂတ်ဘဝခရီးလမ်းလျှောက်လှမ်းရာတွင် လိုအပ်သည့် အသိပညာ၊ အတတ်ပညာ၊ အလေ့အကျင့်ကောင်းများ၊ ဆောင်ရန်၊ ရှောင်ရန်များကို သင်ကြားပေးသည့် လက်ဦးဆရာများလည်း ဖြစ်ကြောင်း။

၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ်၏ ဦးတည်ချက်ဖြစ်သည့် "ပညာရေး ပြုပြင်ပြောင်းလဲမှု ဆရာများနှင့်အစပြု" (The Transformation of Education Begins with Teachers) ဆိုသည့်အတိုင်း ဆရာများ၏ပါရမီနှင့် သင်ကြားမှုအတတ်ပညာများကို အပြည့်အဝအသုံးချပြီး ကြိုးစားဆောင်ရွက်သွားကြရန် အလေးအနက်ထား တိုက်တွန်းလိုကြောင်း။

ထို့ပြင် "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဟူသော အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းသွားရန် ဆရာ ဆရာမများတွင် တာဝန်ရှိကြောင်း၊ စိန်ခေါ်မှုများကိုရင်ဆိုင်ကျော်လွှားကာကွယ်တွန်းလှန်နိုင်စေရန်အတွက် နိုင်ငံသားတိုင်း အတွေးအခေါ် ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းနှင့် ဗဟုသုတ အမြော်အမြင်ရှိစေရေး၊ တိုင်းပြည်ကို ချစ်သည့် စိတ်ဓာတ်များ ကိန်းအောင်းနေစေရေးမှာလည်း အခြေခံပညာဆရာ ဆရာမများ၏ တာဝန်ဖြစ်ကြောင်း။

သင်တန်းတွင် သင်ကြားပို့ချသည့် ဘာသာရပ်၊ ပညာရပ်များကို အလေးထားလိုက်နာပြီး မိမိတို့၏ စိတ်ဓာတ်၊ ခံယူချက်၊ ကျင့်ဝတ်သိက္ခာများ မြင့်မားလာအောင် အသိပညာများ၊ အတွေးအခေါ်များ ပိုမိုရှင်သန်မြင့်မားလာစေရမည်ဟူသော ယုံကြည်ချက်ဖြင့် စနစ်တကျ သင်ယူလေ့လာသွားရန် လိုအပ်ကြောင်း၊ သင်တန်းအတွက် ချမှတ်ထားသော စည်းကမ်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမှ ကာကွယ်ရန် ချမှတ်ထားသော စည်းကမ်းများကို အလေးထားလိုက်နာသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၉၉)သို့ သင်တန်းသား ၅၀၊ သင်တန်းသူ ၄၃၈ ဦး စုစုပေါင်း ၄၈၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ ရက်သတ္တပါးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်အတွင်းရှိ ကျေးရွာသုံးရွာကို ခေတ်မီစံပြကျေးရွာများအဖြစ် ဖော်ဆောင်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**

ကရင်ပြည်နယ်အတွင်းရှိ ကျေးရွာသုံးရွာကို ခေတ်မီစံပြကျေးရွာများအဖြစ် ဖော်ဆောင်လျက်ရှိကြောင်း ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ်မှစတင်ပြီး ဆောင်ရွက်သည့် စီမံကိန်းဖြစ်ကြောင်း၊ ဖော်ဆောင်သည့် ကျေးရွာသုံးခုမှာ ဘားအံမြို့နယ်အတွင်းရှိ ထုံးအိုင်(အောက်)၊ နော်ဖားတိုနှင့် မုက္ကဒိကျေးရွာများဖြစ်ကြောင်း၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းစေရန် မျှော်မှန်း၍ လူနေမှုအဆင့်အတန်းမြင့်မားပြီး စီးပွားရေးခိုင်မာအားကောင်းကာ အစိမ်းရောင်ဖွံ့ဖြိုးမှုဖြစ်စဉ်ကို အားပေးသည့် ခေတ်မီစံပြကျေးရွာများထူထောင်နိုင်ရန်ရည်မှန်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အခြားဌာနများနှင့်ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်း ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ပြောသည်။

ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သည့် ကျေးရွာများတွင် ရေ၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဆောက်အအုံများ တည်ဆောက်ရေး၊ စိုက်ပျိုးမွေးမြူလုပ်ငန်းများ အထောက်အကူပြုရေး၊ ကျေးရွာမတည်ရန်ပုံငွေများ ထူထောင်ရေး၊ အသေးစားငွေကြေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ သွင်းအားစုများ ပံ့ပိုးကူညီရေး၊ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် စီးပွားမြင့်မားရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများလည်း ပါဝင်ကြောင်း ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ ကျေးရွာတွေမှာ ဒီလိုစီမံကိန်းမျိုးနဲ့ ဆောင်ရွက်ပေးတော့ လျင်လျင်မြန်မြန်နဲ့ ဖွံ့ဖြိုးမှုကို အလျင်အမြန် ခံစားရတာပေါ့။ ဒီလိုဆောင်ရွက်ပေးတော့ ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝဟာ ပိုပြီးအဆင်ပြေလာမှာဖြစ်ပါတယ်။ ပြီးတော့ ဆောင်ရွက်ပေးတဲ့ စီမံကိန်းလုပ်ငန်းတွေကလည်း ကျွန်တော်တို့ ကျေးရွာတွေနဲ့ ကိုက်ညီတဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေထဲမှာ ရေတိုဖွံ့ဖြိုးရေးကို ရည်ရွယ်တဲ့လုပ်ငန်းတွေပါသလို ရေရှည်အကျိုးရှိနိုင်တဲ့လုပ်ငန်းတွေလည်း ပါဝင်ပါတယ်" ဟု ထုံးအိုင်ကျေးရွာမှ ဦးမင်းအုန်းသန်းက ပြောသည်။

ခေတ်မီစံပြကျေးရွာများကို ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးစေခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ သွင်းအားစု၊ ငွေကြေးဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးခြင်းဖြင့် ကျေးလက်စီးပွားရေးမြင့်မားလာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိပြီး နေချင့်စဖွယ် စံပြကျေးရွာများ ဖြစ်ပေါ်လာစေရန်၊ ကျေးရွာသူ ကျေးရွာသားများနှင့် ကျေးရွာအသင်းအဖွဲ့များ စွမ်းဆောင်ရည်မြင့်မားလာစေခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ဖော်ဆောင်နိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုလျှင် ကျေးရွာသုံးရွာနှုန်းဖြင့် စုစုပေါင်း ကျေးရွာ ၄၂ ရွာတွင် ခေတ်မီစံပြကျေးရွာ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သန်းမင်းအောင်(သတင်းစဉ်)**



# တောင်ဥက္ကလာပမြို့နယ်၌ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး ဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၁ နာရီက တောင်ဥက္ကလာပမြို့နယ် ပညာရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်ခင်အေးဝင်းက မိမိအနေဖြင့် အခြေခံပညာဦးစီးဌာန (ရုံးချုပ်)မှ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့ပြီး မြို့နယ်အတွင်းရှိ ကျောင်းအုပ်များကို မြို့နယ်အဆင့်(ဆင့်ပွား) အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပေးခြင်းဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများ၏ သင်ကြားမှု၊ သင်ယူမှု အရည်အသွေးများ တိုးတက်လာစေရန်၊ ကျောင်းအုပ်ကြီးများ၏ စီမံခန့်ခွဲမှုစွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်၊ ကျောင်းတစ်ကျောင်းတွင် ခေါင်းဆောင်မှုတာဝန်ကို ယူထားရသော ကျောင်းအုပ်ဆရာကြီး ဆရာမကြီးတို့၏ စီမံခန့်ခွဲမှုသည် အလွန်အရေးပါကြောင်း၊ ယုံကြည်ချက်ခိုင်မာမှု၊ ခံယူချက်မှန်ကန်မှုနှင့် ကြိုးစားအားထုတ်မှုတို့ ပေါင်းစပ်၍ အလုပ်တာဝန်နှင့် စည်းကမ်းများကို တန်ဖိုးထားလေးစားလိုက်နာကာ ဆရာကျင့်ဝတ်များနှင့်အညီ အရည်အချင်းပြည့်ဝသည့် ကျောင်းအုပ်ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ပညာရေးကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီး ၅၃ ဦး တက်ရောက်ခဲ့ကာ စီမံခန့်ခွဲမှုစွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍ၊ စီမံကဏ္ဍနှင့် ဘဏ္ဍာရေးကဏ္ဍ ဘာသာရပ်များကို အောက်တိုဘာ ၂၄ ရက်မှ ၂၅ ရက်ထိ နှစ်ရက်ကြာ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကန်ကြီးထောင့်မြို့နယ်၌ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး ဆွေးနွေး

**ကန်ကြီးထောင့် အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများအား စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ကန်ကြီးထောင့်မြို့နယ် တကုန်းကြီးကျေးရွာ အထကခန်းမ၌ ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ပုသိမ်ခရိုင်ပညာရေးမှူး ဒေါ်သန်းသန်းဦးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်တင်မေသန်းတို့က သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

သင်တန်းတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းနှင့် အလယ်တန်း ကျောင်းအုပ်ကြီး ၄၃ ဦး၊ မူလတန်းကျောင်းအုပ် ၁၅၁ ဦး တက်ရောက်ကြပြီး သင်တန်းကို အောက်တိုဘာ ၂၅ ရက်မှ ၂၆ ရက်ထိ နှစ်ရက်ကြာ ဆွေးနွေးပို့ချသင်ကြားမည်ဖြစ်ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# ငလျင်လှုပ်ခတ်မှုနှင့် နောက်ဆက်တွဲပြဿနာ

မေယု-မျိုးအောင် (MANA)

မြန်မာနိုင်ငံအဖျားပိုင်း ကချင်ပြည်နယ် ပူတာအိုအနီးမှစတင်ခဲ့ပြီး မုတ္တမပင်လယ်ကွေ့အထိ မြောက်မှ တောင်အထိရှိနေသည့် စစ်ကိုင်းပြတ်ရွေ့သည် အဆိုးရွားဆုံး ငလျင်ကြောကြီးတစ်ခုဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝအနီး တောင်မြောက်တန်းလျက် တည်ရှိနေသည့်ကဘော်ပြတ်ရွေ့၊ ပြင်ဦးလွင်အနီးမှစတင်ပြီး တောင်ကြီးမြို့အနီး တောင်မြောက်တန်းလျက် တည်ရှိသည့် ကျောက်ကြမ်းပြတ်ရွေ့၊ ရှမ်းပြည်နယ်မြောက်ပိုင်း အရှေ့၊အနောက်တန်းလျက် တည်ရှိနေသည့်မိုးမိတ်ပြတ်ရွေ့များသည် ငလျင်ကြောကြီးများဖြစ်သည်။ ငလျင်ပြတ်ရွေ့အသေး ၄၀ ခန့်ရှိသောကြောင့် ငလျင်ဒဏ်ကို အချိန်မရွေးခံစားနိုင်သည်။ ငလျင်လှုပ်ခြင်းသည် မြေအောက်ရှိကျောက်များ ကျိုးပြတ်ရွေ့လျားမှုကြောင့် မြေသားထု ရုတ်တရက် လျင်မြန်စွာ တုန်ခါရာမှ ငလျင်လှုပ်ခြင်းဖြစ်ပြီး မြေသားထုစတင်တုန်ခါသည့်နေရာကို ငလျင်ဗဟိုချက်ဟု ငလျင်ပညာရှင်များက သတ်မှတ်ထားသည်။ မြေသားထုအတွင်းရှိ ပြတ်ရွေ့များတစ်လျှောက် အထက်နှင့်အောက်(သို့) ဘေးတိုက်ကျိုးပြတ်ရွေ့လျားမှုကြောင့် ငလျင်အငယ်စားများ ဖြစ်ပေါ်နိုင်သည်။ သမုဒ္ဒရာအောက်ကြမ်းခင်းပြင် မြေသားထုရှိ ပြတ်ရွေ့သည် အထက် (သို့) အောက်သို့ ကျိုးပြတ်ပြီး ငလျင်ကြီးများလှုပ်ပါက ဆူနာမီလှိုင်းကြီးများ ဖြစ်ပေါ်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်လေ့ရှိသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် လူသေဆုံးမှုများအနက် ငလျင်ကြောင့် သေဆုံးမှုက အများဆုံးဖြစ်ပြီး မုန်တိုင်းဘေးနှင့် ရေဘေးတို့ကြောင့် သေဆုံးမှုက ဒုတိယနှင့် တတိယအများဆုံးဖြစ်သည်။ အင်အားပြင်းငလျင်များ ဖြစ်ပွားပါက ပျက်စီးဆုံးရှုံးမှု ကြီးမားနိုင်ပြီး နောက်ဆက်တွဲ ငလျင်ငယ်များလှုပ်ခြင်း ရေကာတာကြီးများ ကျိုးပျက်၍ ရေလွှမ်းခြင်း၊ တောင်ပြိုခြင်း၊ မြေပြိုခြင်း၊ လျှပ်စစ်ကြိုးများ ပူးကပ်သွားခြင်းကြောင့် လျှပ်စစ်မီးပွားမှတစ်ဆင့် မီးလောင်ခြင်း၊ လောင်စာဆီဓာတ်ငွေ့ပိုက်များ ထိခိုက်ပျက်စီးရာမှတစ်ဆင့် မီးလောင်ကျွမ်းခြင်း စသည့်နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သည်။ မြန်မာနိုင်ငံတစ်ဝန်း၌ ငလျင်လှုပ်ခတ်မှုအသေးစားများ ခပ်စိပ်စိပ်ဖြစ်ပေါ်လျက်ရှိရာ ထိုကဲ့သို့ မကြာခဏ ငလျင်လှုပ်မှုရှိနေခြင်းသည် အင်အားပြင်းငလျင်ကို သတိမူလာစေရန် အချက်ပြနေခြင်းဖြစ်ကြောင်း ငလျင်ပညာရှင်များက သုံးသပ်ကြသည်။ မှတ်တမ်းများအရ မြန်မာနိုင်ငံ၌ ၂၀၁၆ ခုနှစ်တွင် မြေငလျင်လှုပ်ခတ်မှု ၄၂ ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် အကြိမ် ၇၀၊ ၂၀၁၈ ခုနှစ်တွင် အကြိမ် ၁၅၀ ကျော်နှင့် ၂၀၁၉ ခုနှစ်အတွင်း အကြိမ်ရေ ၁၄၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

**တစ်ရက်တည်းတွင် ငလျင်နှစ်ကြိမ် လှုပ်ခတ်ခဲ့**

၂၀၂၂ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့ မြန်မာစံတော်ချိန် ၇ နာရီ ၃၉ မိနစ် ၃ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ အနောက်-အနောက်တောင်ဘက် နှစ်မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း ရန်ကုန်မြို့ (လှိုင်မြို့နယ်)၏ အရှေ့မြောက်ဘက် တစ်မိုင်ခန့်အကွာ မြောက်လတ္တီတွဒ် ၁၆ ဒသမ ၈၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၃ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေးသုံးအဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။ ငလျင်ကို ရန်ကုန်မြို့နေပြည်သူများ သိသိသာသာ ခံစားခဲ့ကြရသည်။ ဇွန်လ ၁ ရက်နေ့မှ ဇွန်လ ၅ ရက်နေ့အတွင်း နိုင်ငံတစ်ဝန်း ငလျင်ငါးကြိမ်အထိ လှုပ်ခတ်ခဲ့ပြီး တစ်ရက်တည်းတွင် ငလျင်နှစ်ကြိမ် လှုပ်ခတ်ခဲ့သည့်ဖြစ်စဉ်များလည်း ရှိခဲ့သည်။

မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ငလျင်နှင့်ပတ်သက်၍ ကြီးမားသော ထိခိုက်ပျက်စီးဆုံးရှုံးမှု နည်းပါးသော်လည်း နှစ်အလိုက် ငလျင်ဒဏ်ခံရမှုပမာဏ တဖြည်းဖြည်းတိုးပွားလာသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လှုပ်သောငလျင်အကြိမ်များကို လေ့လာကြည့်ပါက မြောက်ပိုင်းသည် တောင်ပိုင်းထက် ပို၍လှုပ်သည်ကိုတွေ့ရသည်။ လေ့လာမှုများအရ မြောက်ပိုင်းတွင် ငလျင်များသည် ၇၀ ရာခိုင်နှုန်း အထက်တွင်ရှိပြီး တောင်ပိုင်းသည် ၃၀ ရာခိုင်နှုန်းဝန်းကျင်ဖြစ်သည်။

မြောက်ပိုင်း၌လှုပ်သော ငလျင်အားလုံး၏ ၈၅ ရာခိုင်နှုန်းသည် ရစ်ချ်တာစကေးပမာဏ ငါးအထက်ရောက်သည်အထိ ပြင်းထန်လေ့ရှိကြောင်း သိရသည်။ ရန်ကုန်၊ ပဲခူး၊ သန်လျင်ဒေသများတွင် ငလျင်အကြီး၊ အသေး လှုပ်ခတ်ခဲ့ဖူးသည့် မှတ်တမ်းများရှိခဲ့သည်။ လက်ရှိတွင်လည်း ရန်ကုန်နှင့် အနီးတစ်ဝိုက်သည် ငလျင်အန္တရာယ်ကျရောက်နိုင်ခြေရှိကြောင်း ငလျင်ပညာရှင်များက ခန့်မှန်းထားသည်။ ငလျင်ဘေးသည် ကြိုတင်ခန့်မှန်းနိုင်ရန် ခက်ခဲသည့် သဘာဝဘေးအန္တရာယ်ဖြစ်သော်လည်း ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေးနှင့် ပျက်စီးဆုံးရှုံးမှု လျော့ပါးသက်သာစေရေးမှာ အရေးကြီးသည့် အချက်များဖြစ်သည်။ သက်ဆိုင်ရာကလည်း ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်သည့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ထုတ်ပြန်ထားပြီးဖြစ်သည်။

> **မျက်မှောက်ကာလတွင် ငလျင်နှင့် ဆူနာမီဘေးသည် ကမ္ဘာပေါ်တွင် အဖျက်စွမ်းအားအကြီးမားဆုံး ဘေးအန္တရာယ်များဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်လေ့ရှိသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် လူသေဆုံးမှုများအနက် ငလျင်ကြောင့် သေဆုံးမှုက အများဆုံးဖြစ်ပြီး မုန်တိုင်းဘေးနှင့် ရေဘေးတို့ကြောင့် သေဆုံးမှုက ဒုတိယနှင့် တတိယအများဆုံးဖြစ်သည်။ ပြည်သူတို့အနေဖြင့် ငလျင်ဘေးကို အထူးသတိပြုကြရန် လိုအပ်သကဲ့သို့ တာဝန်ရှိသူများအနေဖြင့်လည်း ငလျင်ဘေးဆိုင်ရာ အသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်၍ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ခြင်းတို့ကို အလေးထားလုပ်ဆောင်ရန်လို**

**အနီးကပ်ဆုံး အင်အားပြင်းငလျင် လှုပ်ခတ်မှုများ**

လူဦးရေထူထပ်ပြီး မြို့ပြဖြစ်ထွန်းမှု မြန်ဆန်နေသည့် ရန်ကုန်၊ မန္တလေး၊ ပဲခူးနှင့် နေပြည်တော် စသောမြို့ကြီးများသည် ငလျင်ကြောပေါ်တွင် တည်ရှိပြီး အင်အားလတ်ဇုန်နှင့် အင်အားပြင်းဇုန်များအတွင်း ကျရောက်လျက်ရှိသဖြင့် ငလျင်ဘေးအတွက် အသိပညာပေးလုပ်ငန်းများ၊ ဇာတ်တိုက်လေ့ကျင့်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုအပ်ကြောင်း ပညာရှင်များက ထောက်ပြထားသည်။ ပြည်တွင်းနေရာများကို ဗဟိုပြုလှုပ်ခတ်ခဲ့သည့် မြေငလျင်လှုပ်ခတ်မှု အကြိမ်အရေအတွက် ၁၁၂ ကြိမ်သာ ရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင်မူ ပြည်တွင်းနေရာများကို ဗဟိုပြုလှုပ်ခတ်ခဲ့သည့် မြေငလျင် အကြိမ်အရေအတွက် ၁၅၀ ကျော်ရှိခဲ့သည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်းက ဖြူးမြို့နယ်အနီးတွင် ဗဟိုပြုလှုပ်ခတ်ခဲ့သည့် အင်အားရစ်ချ်တာစကေး ၆ ဒသမ သုည အဆင့်ရှိ ငလျင်မှာ အင်အားအများဆုံး မြေငလျင်တစ်ခုဖြစ်ခဲ့သည်။ မြန်မာနိုင်ငံတွင် အနီးကပ်ဆုံး အင်အားပြင်းငလျင်လှုပ်ခတ်မှုများအနေဖြင့် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် ပုဂံနှင့် တိုက်ကြီးမြို့များ၌ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် အင်အားပြင်းမြေငလျင်လှုပ်ခတ်မှုများရှိခဲ့သည်။

သမိုင်းတစ်လျှောက်၌ ၁၉၃၀ ပြည့်နှစ်တွင် ပဲခူးမြို့နှင့် ရန်ကုန်မြို့တွင် လူ ၅၅၀ ကျော် သေဆုံးခဲ့သည့် အင်အားရစ်ချ်တာစကေး ၇ ဒသမ သုည အဆင့်ရှိ မြေငလျင်များလှုပ်ခတ်ခဲ့ဖူးပြီး ၂၀၁၁ ခုနှစ်တွင် ရှမ်းပြည်နယ် အရှေ့ပိုင်း၌ လူ ၈၀ သေဆုံးခဲ့သည့် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိမြေငလျင်၊ ၂၀၁၂ ခုနှစ်တွင် မန္တလေးမြို့၏ မြောက်ဘက် ကီလိုမီတာ ၁၀၀ အကွာတွင်လှုပ်ခတ်ခဲ့သည့် လူ ၂၆ ဦး သေဆုံးခဲ့သော အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ မြေငလျင်များဖြစ်ပေါ်လှုပ်ခတ်ခဲ့သည်။ မြန်မာနိုင်ငံသည် စစ်ကိုင်းပြတ်ရွေ့၊ ကျောက်ကြမ်းပြတ်ရွေ့၊ ကုလားတန်ပြတ်ရွေ့၊ ကဘော်ပြတ်ရွေ့များကဲ့သို့ အင်အားပြင်းငလျင် လှုပ်ခတ်စေသည့် ပြတ်ရွေ့ကြောကြီးများပေါ်တွင် တည်ရှိနေပြီး အင်အားရစ်ချ်တာစကေး ၆ နှင့် အထက် လှုပ်ခတ်နိုင်သည့် ငလျင်ကြောကြီးငါးခုနှင့် ရစ်ချ်တာစကေး ၂ မှ ၅ အထိ လှုပ်ခတ်တတ်သည့် မြေငလျင်ကြော ၄၀ ခန့်ရှိနေခြင်းကြောင့် မြေငလျင်အန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုများစွာ ပြုလုပ်ထားရန် လိုအပ်သည့် နိုင်ငံတစ်ခုဟုပင် မှတ်ယူရမည်ဖြစ်သည်။ ငလျင်ဒဏ်၏ နောက်ဆက်တွဲ ဆိုးကျိုးများသည် မခန့်မှန်းနိုင်အောင်ပင် ကြီးမားသည့်အတွက် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်စီမံထားသင့်သည်။

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် မြေငလျင်အန္တရာယ် အကြီးမားဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေပြီး ပမာဏကြီးမားသည့် အဓိက မြေငလျင်ကြောကြီးငါးခုရှိသည်။ မကြာခဏလှုပ်ရှားနေသည့် ပြတ်ရွေ့ကြောများစွာရှိနေကြောင်း သိရသည်။ ငလျင်လှုပ်ခတ်ပါက အင်အားရစ်ချ်တာစကေး ၁ မှ ၄ ဒသမ ၉ အထိ လှုပ်ခတ်ပါက အနည်းငယ်လှုပ်ခတ်ခြင်းဖြစ်ကာ ရစ်ချ်တာစကေး ၅ မှ ၅ ဒသမ ၉ အထိ လှုပ်ခတ်မှုသည် အင်အားအသင့်အတင့်နှင့် ပျက်စီးမှုအနည်းငယ်ရှိနိုင်ပြီး ရစ်ချ်တာစကေး ၆ မှ ၇ ဒသမ ၅ အထိလှုပ်ခတ်ပါက အင်အားပြင်းအဆင့် သတ်မှတ်ပြီး အပျက်အစီးများကာ ရစ်ချ်တာစကေး ၇ ဒသမ ၆ နှင့်အထက် လှုပ်ခတ်သော ငလျင်ကို အားအလွန်ပြင်းအဖြစ်သတ်မှတ်ပြီး ကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားနိုင်ပြီး မြန်မာနိုင်ငံတွင် ၇ ဒသမ ၅ အဆင့်ရှိ အားပြင်းငလျင်အထိ လှုပ်ခတ်ခဲ့သည်။

စစ်ကိုင်းပြတ်ရွေ့နှင့် ငလျင်ပြတ်ရွေ့ကြောငယ်များတည်ရှိနေသည့် မြန်မာနိုင်ငံသည် ငလျင်ဘေးအန္တရာယ်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်၍ သက်ဆိုင်ရာကလည်း ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်သည့် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ထုတ်ပြန်ထားပြီးဖြစ်သည်။ ငလျင်ဘေးကို အထူးသတိပြုကြရန် လိုအပ်သကဲ့သို့ ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊ ငလျင်လှုပ်ခတ်ပါက အများပြည်သူတို့ ကြိုတင်စုဝေးနိုင်သည့် နေရာများကို ကြိုတင်ပြင်ဆင်ထားခြင်း၊ ငလျင်နှင့်စပ်လျဉ်းသည့် အသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း အထိတ်တလန့်ဖြစ်စေသည့် သတင်းမှားများ ဖြန့်ချိမှုများကိုစိစစ်ကာ သတင်းမှန်ကန် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ခြင်းတို့ကို အလေးထားလုပ်ဆောင်ရန် လိုအပ်သည်။ ရန်ကုန်မြို့တွင် ၁၉၈၈ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်ကြား တည်ဆောက်ခဲ့သည့် အဆောက်အအုံများသည် အရည်အသွေးစံချိန်မမီဘဲ ငလျင်အန္တရာယ်အတွက် ကြံ့ခိုင်မှုစိတ်မချရကြောင်း အင်ဂျင်နီယာနှင့်ဘူမိဗေဒပညာရှင်များက မကြာခဏ အသိပေးနေခဲ့ကြသည်။

**ကမ္ဘာ့ငလျင်ကြောကြီးနှစ်ခု**

မြန်မာနိုင်ငံတွင်လည်း မကြာခဏဆိုသလို ငလျင်ဘေးများ၏ လှုပ်ခတ်မှုကို နေရာအနှံ့အပြား၌ ခံစားနေရသည်။ စစ်ကိုင်းပြတ်ရွေ့သည် အချိန်မရွေး အင်အားပြင်းငလျင် လှုပ်ရှားနိုင်ကြောင်း ဘူမိဗေဒပညာရှင်များက သတိပေးထားပြီးဖြစ်ရာ သက်ဆိုင်ရာဒေသရှိ ပြည်သူများအနေဖြင့် ငလျင်ဘေးကို အလေးထားသတိပြုကြရန် လိုအပ်သည်။ ငလျင်သည် ယခင်လှုပ်ခတ်ခဲ့သည့် ပုံစံနှင့် သိသိသာသာကွဲပြားပြီး လှုပ်ရှားမှုအလွန်ပြင်းထန်ခဲ့သည်။ ကမ္ဘာ့ငလျင်ကြောကြီးနှစ်ခုအနက် တစ်ခုမှာ မြစ်ကြီးနားမြို့မှ စတင်ခြင်းဖြစ်ပြီး စစ်ကိုင်း၊ ဂန့်ဂေါ တောင်တန်းများနှင့် ပဲခူးရိုးမအရှေ့ဘက်ခြမ်းကို ဖြတ်ကာ မုတ္တမပင်လယ်ကွေ့အထိ ကီလိုမီတာ ၁၀၀၀ ခန့်ရှည်လျား၍ အပိုင်း (၁)မှာ ပူတာအိုမှ အင်းတော်ကြီး၊ အပိုင်း (၂)မှာ တကောင်းမှ စစ်ကိုင်း၊ အပိုင်း (၃)မှာ သာစည်မှ ပျဉ်းမနား၊ အပိုင်း (၄)မှာ တောင်ငူမှ ပဲခူးနှင့် အပိုင်း (၅)မှာ ပဲခူးမှ မုတ္တမပင်လယ်ကွေ့အထိဖြစ်ပြီး ဘူမိဗေဒပညာရှင်များ လေ့လာချက်အရ တစ်နှစ်လျှင် ပျမ်းမျှ ၁၈ ဒသမ ၅ မီလီမီတာခန့် ရွေ့လျားနေကြောင်း သိရသည်။

မြေငလျင်ကို ကြိုတင်ခန့်မှန်းမှုများ မပြုလုပ်နိုင်သော်လည်း ကြိုတင်ကာကွယ်မှုများပြုလုပ်ထားခြင်းဖြင့် ငလျင်ဘေးအန္တရာယ်ကို ထိုက်သင့်သလောက် လျော့ပါးသက်သာစေနိုင်သည်။ ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရာတွင် အရေးအကြီးဆုံးနှင့် အခက်အခဲဆုံးမှာ ငလျင်ဒဏ်ခံအဆောက်အအုံများ ဆောက်လုပ်ခြင်းဖြစ်သည်။ ငလျင်လှုပ်သည့်အခါတွင် အဆောက်အအုံများပြိုကျပြီး လူများသေဆုံးနိုင်သောကြောင့် အဆောက်အအုံများတွင် ငလျင်ဒဏ်ခံနိုင်အောင်ဆောက်ရန်လိုသည်။ အထပ်မြင့်အဆောက်အအုံများရှိသော မြို့ကြီး များတွင် ဆောက်လုပ်ပြီးနှင့် ဆောက်လုပ်ဆဲ အဆောက်အအုံများကို ငလျင်ဒဏ်ခံနိုင်ရည်ရှိ၊ မရှိ စစ်ဆေးပြီး မွမ်းမံပြင်ဆင်သင့်သည်များ၊ ဖျက်သိမ်းပစ်သင့်သည်များကို စနစ်တကျစစ်ဆေးကာ တိတိကျကျ ဆောင်ရွက်ရန်လိုသည်။ မျက်မှောက်ကာလတွင် ငလျင်နှင့် ဆူနာမီဘေးသည် ကမ္ဘာပေါ်တွင် အဖျက်စွမ်းအားအကြီးမားဆုံး ဘေးအန္တရာယ်များဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်လေ့ရှိသော သဘာဝဘေးအန္တရာယ် အမျိုးမျိုးကြောင့် လူသေဆုံးမှုများအနက် ငလျင်ကြောင့် သေဆုံးမှုက အများဆုံးဖြစ်ပြီး မုန်တိုင်းဘေးနှင့် ရေဘေးတို့ကြောင့် သေဆုံးမှုက ဒုတိယနှင့် တတိယအများဆုံးဖြစ်သည်။ ပြည်သူတို့အနေဖြင့် ငလျင်ဘေးကို အထူးသတိပြုကြရန် လိုအပ်သကဲ့သို့ တာဝန်ရှိသူများအနေဖြင့်လည်း ငလျင်ဘေးဆိုင်ရာ အသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်၍ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ခြင်းတို့ကို အလေးထားလုပ်ဆောင်ရန်လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၁၇၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆၀ တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
## (၂၅-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၇၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆၀) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၅၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၃၅၁,၂၀၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၀,၉၀၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀၉) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၄,၇၀၉) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၇၈) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူစုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၁၂၄၃၈ | ၉၆၅၉၂၅၆၃ | ၁၀၉၃၁၅၃ |
| ၂။ | အိန္ဒိယ | ၄၄၆၄၄၉၃၈ | ၄၄၀၉၃၄၀၉ | ၅၂၈၉၈၀ |
| ၃။ | ပြင်သစ် | ၃၆၆၀၆၇၂၈ | ၃၅၄၁၆၆၂၆ | ၁၅၆၅၀၉ |
| ၄။ | ဂျာမနီ | ၃၅၂၈၈၂၂၈ | ၃၃၃၉၆၃၀၀ | ၁၅၂၇၅၅ |
| ၅။ | ဘရာဇီး | ၃၄၈၃၄၈၁၅ | ၃၄၀၀၆၉၇၈ | ၆၈၇၇၁၃ |
| ၆။ | တောင်ကိုရီးယား | ၂၅၃၅၃၅၀ | ၂၄၉၀၄၇၅၆ | ၂၉၀၁၇ |
| ၇။ | ဗြိတိန် | ၂၃၈၅၅၂၂ | ၂၃၄၇၅၃၀၄ | ၁၉၂၆၈၂ |
| ၈။ | အီတလီ | ၂၃၃၅၉၆၈၀ | ၂၂၆၇၂၆၀၇ | ၁၇၈၆၃၃ |
| ၉။ | ဂျပန် | ၂၂၀၅၅၈၃၂ | ၂၀၄၇၅၉၃၀ | ၄၆၃၄၇ |
| ၁၀။ | ရုရှား | ၂၁၃၈၆၈၄၂ | ၂၀၇၄၀၃၄၇ | ၃၈၉၇၁၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၉၈၀၄၇ | ၁၀၆၀၁၅၃၅ | ၄၃၁၆၁ |
| ၂။ | အင်ဒိုနီးရှား | ၆၄၇၅၆၇၂ | ၆၂၉၇၂၈၂ | ၁၅၈၄၇၅ |
| ၃။ | မလေးရှား | ၄၈၈၃၇၉၆ | ၄၈၂၀၃၅၅ | ၃၆၄၄၇ |
| ၄။ | ထိုင်း | ၄၆၈၉၈၉၇ | ၄၆၄၉၅၀၉ | ၃၂၉၂၂ |
| ၅။ | ဖိလစ်ပိုင် | ၃၉၉၆၈၁၈ | ၃၉၁၁၀၄၈ | ၆၃၈၄၆ |
| ၆။ | စင်ကာပူ | ၂၀၆၇၇၉၀ | ၁၉၇၉၄၀၃ | ၁၆၆၃ |
| ၇။ | မြန်မာ | ၆၃၀၉၀၂ | ၆၀၄၇၀၉ | ၁၉၄၇၈ |
| ၈။ | ဘရူနိုင်း | ၂၃၄၅၈၂ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၁၉၈ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၇၉ | ၁၃၄၉၀၈ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကိုလေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီစီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေနှစ်စီးဖြင့် နှာခေါင်းစည်း ၁၂ ဒသမ ၂၀ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။ **သတင်းစဉ်**

## ဒေးဒရဲမြို့နယ်၌ အခြေခံပညာကျောင်းအုပ်ကြီးများ၏ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေး

ဒေးဒရဲ အောက်တိုဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်ပညာရေးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ဒေးဒရဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကရဝိက်ခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဒေါ်အေးမြင့်က မိမိတို့အနေဖြင့် အခြေခံပညာဦးစီးဌာန (ရုံးချုပ်)၏ ပို့ချလမ်းညွှန်မှုနှင့်အညီ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအုပ်ကြီးများကိုလည်းတစ်ဆင့် ပြန်လည်မျှဝေပို့ချဆွေးနွေးခြင်းဖြစ်ကြောင်း၊ စာသင်ကျောင်းများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ထူးချွန်ထက်မြက်မှု၊ ဘက်စုံအောင်မြင်မှုများသည် အဆိုပါကျောင်းများရှိ ကျောင်းအုပ်ကြီးများ၏ အပြုသဘောဆောင်သည့် စိတ်ဓာတ်နှင့် စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်ရှိမှုတို့အပေါ်တွင် များစွာတည်မှီနေကြောင်း၊ သို့အတွက် ကျောင်းအုပ်ကြီးများ၏ လုပ်ငန်းစွမ်းဆောင်ရည်ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ယခုကဲ့သို့ စီမံခန့်ခွဲရေးသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ဆရာ့ဘဝ၊ ဆရာ့သိက္ခာ၊ ဆရာ့ကျင့်ဝတ်နှင့်ကိုက်ညီသည့် အနာဂတ်ပညာရေးလမ်းပြကြယ်များပေါ်ထွန်းလာစေရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီး ၂၂၁ ဦး တက်ရောက်လျက်ရှိပြီး ဆွေးနွေးပွဲကာလမှာနှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ ၂၀၇



# ရီရှီဆူနက် ဗြိတိန်နိုင်ငံ၏ ဝန်ကြီးချုပ်သစ်ဖြစ်လာ

**လန်ဒန် အောက်တိုဘာ ၂၅**

ရီရှီဆူနက်သည် အောက်တိုဘာ ၂၅ ရက်တွင် ဘက်ကင်ဟမ်နန်းတော်၌ ချားလ်ဘုရင်(၃)နဲ့ တွေ့ဆုံခဲ့ပြီးနောက် ဗြိတိန်နိုင်ငံ၏ ဝန်ကြီးချုပ်သစ်ဖြစ်လာခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ချားလ်ဘုရင်(၃)သည် ဝန်ကြီးချုပ်လစ်ထရက်စ် နုတ်ထွက်သွားခဲ့ပြီးနောက် ရီရှီဆူနက်အား ဘက်ကင်ဟမ်နန်းတော်သို့ ဖိတ်ကြားခဲ့ပြီး အစိုးရသစ်တစ်ရပ်ဖွဲ့စည်းရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

ဘဏ္ဍာရေးဆိုင်ရာ အမိပတိဟောင်းတစ်ဦးဖြစ်သည့် ရီရှီဆူနက်သည် လက်ရှိအာဏာရကွန်ဆာဗေးတစ်ပါတီ၏ ခေါင်းဆောင်ရွေးချယ်ပွဲတွင် အနိုင်ရရှိခဲ့သူဖြစ်သည်။

ရီရှီဆူနက်သည် နှစ်ပေါင်း ၂၀၀ အတွင်း ဗြိတိန်နိုင်ငံ၏ အသက်အငယ်ဆုံးဝန်ကြီးချုပ်တစ်ဦး ဖြစ်လာခဲ့ပြီး နှစ်လကျော်ကာလအတွင်း ဗြိတိန်နိုင်ငံ၏ တတိယမြောက် ဝန်ကြီးချုပ်ဖြစ်လာခဲ့ခြင်းဖြစ်သည်။

အသက် ၄၂ နှစ်အရွယ်ရှိ ဆူနက်သည် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဖြစ်လာသည့် ပထမဆုံးသော အိန္ဒိယနွယ်ဖွားတစ်ဦးဖြစ်ကြောင်းလည်း သိရသည်။ ရီရှီဆူနက်သည် ၎င်း၏ ဗြိတိန်အစိုးရအဖွဲ့ဝန်ကြီးများစာရင်းကို မကြာမီကြေညာရန် မျှော်လင့်ထားကြောင်းလည်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်း စီတရန် ဝင်ရောက်တိုက်ခတ်မှုကြောင့် အနည်းဆုံး ၁၅ ဦးသေဆုံး

**ဒါကာ အောက်တိုဘာ ၂၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကမ်းရိုးတန်းဒေသများ၌ ဆိုင်ကလုန်းမုန်တိုင်း စီတရန် ဝင်ရောက်တိုက်ခတ်မှုကြောင့် အနည်းဆုံး ၁၅ ဦးသေဆုံးခဲ့ကြောင်းနှင့် အောက်တိုဘာ ၂၅ ရက်အစောပိုင်းတွင် အပူပိုင်းမုန်တိုင်းငယ်အဖြစ်သို့ အားပျော့ပျက်ပြယ်သွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုများ၊ မိုးသည်းထန်စွာရွာသွန်းမှုများနှင့်အတူ အဆိုပါဆိုင်ကလုန်းမုန်တိုင်းကြောင့် သစ်ပင်များလဲပြိုမှုများဖြစ်ပွားခဲ့ကာ လူသေဆုံးဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့သည့်အပြင် လူနေအိမ်များ၊ ကောက်ပဲသီးနှံများနှင့် အဆောက်အအုံအများအပြား ပျက်စီးမှုရှိခဲ့ကြောင်း သိရသည်။

သစ်ပင်များလဲပြိုကျမှုကြောင့်လမ်းများပိတ်ဆို့မှုဖြစ်ပွားခဲ့သည့် ဘိုလာခရိုင်တောင်ပိုင်းတွင် အနည်းဆုံးလေးဦး သေဆုံးခဲ့ပြီး လျှပ်စစ်မီးအထောက်အပံ့သည်လည်း အပြည့်အဝပြန်လည်ရရှိခြင်း မရှိသေးကြောင်း သိရသည်။

ထို့ပြင် အောက်တိုဘာ ၂၄ ရက်က ကူမီလာခရိုင်ရှိ နေအိမ်တစ်အိမ်ပေါ်သို့ သစ်ပင်လဲပြိုကျမှု ဖြစ်ပွားခဲ့ပြီးနောက် အမျိုးသားတစ်ဦး၊ ၎င်း၏ဇနီးနှင့် မွေးကင်းစ သမီးငယ်တစ်ဦးတို့ သေဆုံးခဲ့ကြောင်း ခရိုင်ထိပ်တန်းတာဝန်ရှိသူ ရေဟန်မီဘက်က အောက်တိုဘာ ၂၅ ရက်တွင် ပြောကြားသည်။

အဆိုပါဒေသများအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မြို့တော်ဒါကာနှင့် အခြားသောဒေသများတွင်လည်း ဆိုင်ကလုန်းမုန်တိုင်းကြောင့် ရှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**






# အိန္ဒိယနိုင်ငံ၌ WhatsApp အက်ပလီကေးရှင်း ရပ်ဆိုင်းသွားခဲ့

**နယူးဒေလီ အောက်တိုဘာ ၂၅**

အိန္ဒိယနိုင်ငံ၌ နိုင်ငံသားအများအပြားသုံးစွဲနေသည့် WhatsApp အက်ပလီကေးရှင်းသည် အောက်တိုဘာ ၂၅ ရက်တွင် ရပ်ဆိုင်းသွားခဲ့သဖြင့် သုံးစွဲသူအများအပြားအနေဖြင့် ၎င်းအက်ပလီကေးရှင်းဖြင့် အချင်းချင်းစာတိုများ ရေးသားပေးပို့ခြင်းနှင့် လက်ခံခြင်းများ မပြုလုပ်နိုင်တော့ကြောင်း သိရသည်။

အဆိုပါအက်ပလီကေးရှင်း ရုတ်တရက်ရပ်ဆိုင်းသွားခြင်းအတွက် အကြောင်းရင်းကို ရှာဖွေဖော်ထုတ်၍ မရသေးကြောင်း၊ ၎င်းအက်ပလီကေးရှင်း၏ လုပ်ငန်းများ အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရန်အတွက် မိမိတို့ကြိုးစားဆောင်ရွက်နေကြောင်း လူမှုဆက်သွယ်ရေးမီဒီယာလုပ်ငန်းဖြစ်သည့် Meta ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယခု WhatsApp အက်ပလီကေးရှင်း၏ လုပ်ငန်းများရပ်ဆိုင်းမှုအပေါ် အခြားလူမှုမီဒီယာများဖြစ်သည့် Facebook၊ Twitter နှင့် Instagram တို့တွင် ဆွေးနွေးပြောဆိုမှုများ မြင့်တက်လာခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံအတွင်း WhatsApp အက်ပလီကေးရှင်းသုံးစွဲသူဦးရေ သန်း ၅၅၀ ရှိကြောင်း အိန္ဒိယအစိုးရ၏ အချက်အလက်များအရ သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# တရုတ်နိုင်ငံ၌ အီလက်ထရောနစ်စီးကရက် (အီး စီးကရက်) သုံးစွဲခွန်ကောက်ခံမည်

**ပေကျင်း အောက်တိုဘာ ၂၅**

တရုတ်နိုင်ငံ၌ အီလက်ထရောနစ်စီးကရက်(အီး စီးကရက်) သုံးစွဲသူများအပေါ်တွင် ယခုနှစ် နိုဝင်ဘာ ၁ ရက်မှစတင်၍ သုံးစွဲခွန်ကောက်ခံသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၅ ရက်တွင် ကြေညာလိုက်သည်။ နိုင်ငံအတွင်း အီလက်ထရောနစ်စီးကရက်(အီး စီးကရက်)ထုတ်လုပ်ခြင်းနှင့် တင်ပို့ခြင်းလုပ်ငန်းများအတွက် ၃၆ ရာခိုင်နှုန်း အခွန်ကောက်ခံမည်ဖြစ်ကာ လက်ကားရောင်းချခြင်းအတွက် ၁၁ ရာခိုင်နှုန်း အခွန်ကောက်ခံသွားမည်ဖြစ်ကြောင်း အကောက်ခွန်နှင့် နိုင်ငံတော်အခွန်ကောက်ခံမှုအုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။

ယခုကဲ့သို့ အီလက်ထရောနစ်စီးကရက်(အီး စီးကရက်)များအပေါ် အခွန်ကောက်ခံခြင်းဖြင့် ကုန်ပစ္စည်းသုံးစွဲခွန်စည်းကြပ်သည့်စနစ်ကို တိုးတက်လာစေရန်နှင့် ပိုမိုအသက်ဝင်လာစေရန် အားဖြည့်ကူညီရာရောက်ကြောင်း သိရသည်။ ၎င်းအီလက်ထရောနစ်စီးကရက်(အီး စီးကရက်)များ ရောင်းဝယ်ထုတ်လုပ်ခြင်းအပေါ်တွင် လိုင်စင်လျှောက်ထားရန် ယခုနှစ်အစောပိုင်းက စည်းမျဉ်းတစ်ရပ်ချမှတ်ခဲ့ပြီး စာသင်ကျောင်းများအနီးတွင် အီလက်ထရောနစ်စီးကရက် (အီး စီးကရက်)ရောင်းချခြင်းမပြုရေး တားမြစ်ခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# လာအိုနိုင်ငံသားများအား ကိုဗစ်-၁၉ ကာကွယ်ဆေး အပိုဆောင်းထိုးနှံမှုခံယူရန် ကျန်းမာရေးဝန်ကြီးဌာန တိုက်တွန်း

**ဗီယင်ကျန်း အောက်တိုဘာ ၂၅**

လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ပျံ့နှံ့မှုများရှိလာမည့်အရေးကို ကာကွယ်သည့်အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးအပိုဆောင်းထိုးနှံမှုခံယူကြရန် နိုင်ငံသားများအား ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းခဲ့သည်။

လာအိုနိုင်ငံသားအချို့က ကိုဗစ်-၁၉ ကာကွယ်ဆေးအပိုဆောင်းထိုးနှံမှုခံယူရန် မလိုအပ်ဟု ယူဆထားကြသဖြင့် ပေါ့လျော့မှုများရှိလာပြီး ၎င်းတို့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများရှိလာနိုင်ကြောင်း၊ ထို့ကြောင့် ၎င်းတို့အား ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အစွမ်းထက်ထိရောက်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးအပိုဆောင်းထိုးနှံပေးခြင်းကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကာကွယ်ဆေးဆိုင်ရာဌာနအကြီးအကဲ ကောင်ဆေဖုန်ဖန်းဟက်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ထို့ပြင် ကိုဗစ်-၁၉ ကူးစက်မှုများ တွေ့ရှိရသည့် အိမ်နီးချင်းနိုင်ငံများတွင် အလုပ်လုပ်ကိုင်ပြီး လာအိုနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသူလာအိုအလုပ်သမားများ အများအပြားရှိနေသဖြင့် နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် ရောဂါကာကွယ်ရေးအတွက် ကာကွယ်ဆေးအပိုဆောင်းထိုးနှံခြင်း အပါအဝင်




ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးအတွက် အရေးကြီးကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်တွင် ရရှိသည့်စာရင်းများအရ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ လုပ်သားများတွင် ကိုဗစ်-၁၉ ကူးစက်မှုမှာ ၁၅ ရာခိုင်နှုန်းအထိရှိနေ၍ နိုင်ငံအတွင်း ထပ်မံ၍ ရောဂါကူးစက်မှုများရှိလာမည့်အရေးကို သတိထားထိန်းချုပ်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ လက်ရှိအချိန်တွင် နိုင်ငံလူဦးရေ၏ ၈၁ ရာခိုင်နှုန်းဖြစ်သည့် နိုင်ငံသား ၅ ဒသမ ၉ သန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးစီးခဲ့ပြီး လူဦးရေ၏ ၇၂ ရာခိုင်နှုန်းဖြစ်သည့် ၅ ဒသမ ၃၂ သန်းသည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးဖြစ်ကာ လူဦးရေ၏ ၁၉ ရာခိုင်နှုန်းသည် တတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုခံယူပြီးစီးကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မိုးကြိုးကျေးရွာနေ အောင်မင်း(ခ) မြဒွေးသည် ၎င်းအသုံးပြုသည့် “U Aung Min” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းမြို့ (၂)ရပ်ကွက်နေ ဟန်သိန်း (ခ) ဦးမိုးသည် ၎င်းအသုံးပြုသည့် “Han Thein” Facebook အကောင့်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ယန်းကျေးရွာနေသူများဖြစ်သည့် ဇော်မင်းဦး(ခ) အာဒန်နှင့် ခင်လတ်ထွေးတို့ နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် “Zaw Min Oo” Facebook အကောင့်နှင့် “Lone May Lay” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ ဆက်သွယ်ရေးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၅**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၀ ရက်မှ ၂၃ ရက်အတွင်း ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့တွင် တရားမဝင် သစ်မျိုးစုံ ၈ ဒသမ ၅၃၆၂ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၃၈၄၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆက်သွယ်ရေးပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ သိမ်းဆည်းရမိမှု။

အလားတူ အောက်တိုဘာ ၂၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော ဆပ်ပြာမှုန့်ထုပ် ၃၇၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၂၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့်နောက်တွဲယာဉ်ပါ Nissan Diesel Tractor Head တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၉၄၂၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၄ ရက်တွင် သံလွင်တံတား(ဘားအံ) စုပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က ဘားအံမှ သထုံသို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဘီယာ ၁၅၀ ဖာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter အမျိုးအစား ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀)ကို လည်းကောင်း၊ အောက်တိုဘာ ၂၅ ရက်တွင် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က မော်တော်ယာဉ်တစ်စီးပေါ်၌ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်တာယာများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၃ ရက်နှင့် ၂၅ ရက်တို့တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့များက တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၃၄ ဒသမ ၅၈၇၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၄၈၃၀၂)ကို သစ်တောဥပဒေအရ လည်းကောင်း၊ အောက်တိုဘာ ၂၅ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းအဖွဲ့က မုန်းမြို့နယ်အတွင်း Honda CR-V အမျိုးအစား လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို ပို့ကုန်၊ သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၄၈၃၀၂ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၂၀ ရက်၊ ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်တို့ တွင် ဖမ်းဆီးရမိမှုအမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၃၈၄၆၄၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ကွမ်းလုံနှင့် လားရှိုးမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီခွဲတွင် ကွမ်းလုံမြို့နယ် ဟိုက်ကမ်းပါးကျေးရွာရှိ လီခိုင်ဖူး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို လည်းကောင်း။



လီခိုင်ဖူးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့အမှတ်(၁၀)ရပ်ကွက်ရှိ အိုက်ယန်ငွားရမ်းနေထိုင်သည့် နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ငါး၊ ပုစွန် ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းအတတ်သင်သိပ္ပံကျောင်းတွင် “ငါး/ပုစွန် ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာသင်တန်း” ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီက အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးမြင့်ရွှေက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ငါးလုပ်ငန်းအတတ်သင်သိပ္ပံ (ကြို့ကုန်း) သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကိုကိုက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။


အဆိုပါ သင်တန်းတွင် ငါးလုပ်ငန်းဦးစီးဌာနမှ သင်တန်းသားခြောက်ဦးနှင့် သင်တန်းသူ ၁၉ ဦး စုစုပေါင်း ၂၅ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။ သင်တန်းတွင် ဒုတိယဦးစီးမှူး ဒေါ်ခင်မေကြည်က အကူလက်ထောက်တစ်ဦးနှင့်အတူ သင်တန်းပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့်ဖမ်းဆီးချုပ်နှောင်ထားသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာပြန်လည်ကယ်တင်နိုင်

**နေပြည်တော် အောက်တိုဘာ ၂၅**

NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့ရွာများမှ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသော အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် နိုင်ငံ့ဝန်ထမ်းများ၊ ကျေးရွာသူ ကျေးရွာသား ၂၆ ဦးအား ယနေ့နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပုလဲမြို့နယ် ဖလံပင်ကျေးရွာ မြောက်ယမားဆည်အနီးရှိ PDF အမည်ခံ အကြမ်းဖက်သမားများ၏ စခန်းအတွင်းမှ ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်းသိရသည်။




NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့မှု ဖြစ်စဉ်ပြပုံ။

**ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရ**

ဖြစ်စဉ်မှာ ဂန့်ဂေါမြို့နယ်အနီး နယ်မြေခံတပ်ရင်းမှ အရာရှိဇနီးတစ်ဦးသည် အောက်တိုဘာ ၁၂ ရက်တွင် မုံရွာမှကျောမြို့သို့ လိုက်ပါလာစဉ် ကန်ဒေါင့်ကျေးရွာအနီးတွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသဖြင့် ခင်ပွန်း၊ မိဘများနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့သည်။ ထိုသို့အဆက်အသွယ်ပြတ်တောက်မှုကြောင့် အရာရှိဖြစ်သူအနေဖြင့် သက်ဆိုင်ရာအထက်ဌာနသို့ တင်ပြခဲ့ရာ နယ်မြေအတွင်း အမာခံသတင်းပေးများဖြင့် နယ်မြေသတင်းများကို စနစ်တကျ စုဆောင်းဖော်ထုတ်ခဲ့စဉ် နောက်ဆုံးဆက်သွယ်မှုရရှိသည့် ယင်းမာပင်မြို့နယ် ရင်ပေါင်တိုင်နှင့် ရွှေလှန်ကျေးရွာတစ်ဝိုက်တွင် ဖမ်းဆီးချုပ်နှောင်ထားနိုင်ကြောင်း သုံးသပ်ပြီး အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တွင် ကွန်မန်ဒိုတပ်ဖွဲ့ဖြင့် ရင်ပေါင်တိုင်နှင့် ရွှေလှန်ကျေးရွာတစ်ဝိုက်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ KIA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ၎င်းတို့ အခြေပြုစခန်းအပါအဝင် အလောင်းနှင့် လက်နက်ခဲယမ်းအချို့သာ သိမ်းဆည်းရမိခဲ့ပြီး ဖမ်းဆီးခံထားသူများ၏ သဲလွန်စများ ရရှိခဲ့ခြင်း မရှိကြောင်း သိရသည်။

ဆက်လက်၍ ဖမ်းဆီးခံရသူများ ပြန်လည်ကယ်တင်နိုင်ရေး နယ်မြေအတွင်းရှိ အမာခံသတင်းပေးများဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ ဖမ်းဆီးခံရသူများ ချုပ်နှောင်ထားသည့် အကြမ်းဖက်စခန်း၏ တည်နေရာ ထပ်မံဖော်ထုတ်ရရှိသဖြင့် ကွန်မန်ဒိုအဖွဲ့ဖြင့် ထပ်မံစီးနင်းခဲ့ရာ အောက်တိုဘာ ၁၂ ရက်တွင် ဖမ်းဆီးခံရသည့် အရာရှိဇနီးအပါအဝင် ၎င်းတို့ ဖမ်းဆီးချုပ်နှောင်ထားသည့် အပြစ်မဲ့ အမျိုးသမီး ခုနစ်ဦး၊ ကလေးငယ် လေးဦး၊ အမျိုးသား ၁၅ ဦးအား အန္တရာယ်ကင်းစွာ ကယ်တင်နိုင်ခဲ့သည်။ ပြန်လည်ကယ်တင်နိုင်ခဲ့သူများတွင် ခရီးသွားစဉ် ဖမ်းဆီးခံရသည့် အပြစ်မဲ့ပြည်သူများ၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၂၂ ရက်တို့တွင် ဇီးဖြူကုန်းကျေးရွာ အိမ်ခြေတစ်ရာကျော်အား အကြမ်းဖက်အဖွဲ့က မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် တောအတွင်း ထွက်ပြေးနေစဉ် ဖမ်းဆီးခံရသူများ၊ တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်အချို့၊ အသက် နှစ်နှစ်အရွယ်နှင့်အသက် ၁၂ နှစ်အရွယ် ကလေးငယ်နှစ်ဦးတို့ပါဝင်ပြီး အချို့သည် ခုနစ်လမှ တစ်နှစ်နီးပါးခန့် ဖမ်းဆီးချုပ်နှောင်ခံထားရသူများဖြစ်ကြောင်း သိရသည်။

**သိမ်းဆည်းရရှိ**

ထိုသို့ကယ်ထုတ်ရာတွင် ကွန်မန်ဒိုတပ်ဖွဲ့နှင့် KIA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများဖြင့် ထိတွေ့တိုက်ပွဲ သုံးကြိမ်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်အဖွဲ့များ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်သို့ ထွက်ပြေးသွားခဲ့ကာ ၎င်းတို့ထံမှ အကြမ်းဖက်သမား အလောင်းအချို့နှင့် လက်နက်ခဲယမ်း ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့သည်။ ၎င်းတို့ဆုတ်ခွာထွက်ပြေးစဉ် ဖမ်းဆီးထားသူများ ထားရှိရာ အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းကြောင့် ဖမ်းဆီးခံရသူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ရသည်။







NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး ဆေးရုံသို့ ပို့ဆောင်ပေးစဉ်။



NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာပြန်လည်ကယ်တင်နိုင်ခဲ့ပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။

အပြစ်မဲ့အမျိုးသမီးများနှင့် ကလေးသူငယ်များကို အတင်းချုပ်နှောင် ဖမ်းဆီးခြင်း၊ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများကို အကျပ်ကိုင်ခြိမ်းခြောက် ချုပ်နှောင်ခြင်းများသည် **ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ရာရောက်ပြီး အဆိုပါ စစ်ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာ အရေးယူနိုင်ရေး** လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေး ဆောင်ရွက်မှု (Counter-terrorism Action) ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အများပြည်သူအနေဖြင့် အကြမ်းဖက်အဖွဲ့၏ လှုပ်ရှားမှုသတင်းများရရှိက လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားရန် အသိပေး သတင်းထုတ်ပြန်အပ်သည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၁၀-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၅ | ၂၀၁၀ | ၂၀၀၅ | ၁၉၇၀ | ၂၀၀၅ | ၂၀၃၀ | ၂၀၁၅ | ၁၉၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၀၀၀ | ၂၀၁၀ | ၂၀၄၅ | ၂၀၄၅ | ၂၀၄၅ | ၂၂၆၅ | ၂၇၇၀ |
| 95 Ron | ၂၀၅၅ | ၂၁၀၀ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၀ | ၂၁၂၀ | ၂၁၁၀ | ၂၀၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၀ | ၂၁၁၀ | ၂၁၃၅ | ၂၁၃၅ | ၂၁၄၀ | ၂၃၆၀ | ၂၈၅၅ |
| HSD (500 ppm) | ၂၆၀၀ | ၂၆၅၅ | ၂၆၅၀ | ၂၆၁၅ | ၂၆၅၅ | ၂၆၇၅ | ၂၆၇၅ | ၂၆၄၀ | ၂၇၅၅ | ၂၇၅၀ | ၂၆၅၀ | ၂၆၅၅ | ၂၆၉၀ | ၂၆၉၅ | ၂၆၉၅ | ၂၉၁၅ | ၃၄၈၅ |
| HSD (50 ppm) | ၂၆၈၅ | ၂၇၃၀ | ၂၇၃၀ | ၂၆၉၅ | ၂၇၃၀ | ၂၇၅၅ | ၂၇၅၀ | ၂၇၁၅ | ၂၈၃၀ | ၂၈၂၅ | ၂၇၂၅ | ၂၇၃၅ | ၂၇၆၅ | ၂၇၇၀ | ၂၇၇၀ | ၂၉၉၀ | ၃၅၂၀ |
| HSD (10 ppm) | ၂၆၈၅ | ၂၇၃၀ | ၂၇၃၀ | ၂၆၉၅ | ၂၇၃၀ | ၂၇၅၅ | ၂၇၅၀ | ၂၇၁၅ | ၂၈၃၀ | ၂၈၂၅ | ၂၇၂၅ | ၂၇၃၅ | ၂၇၆၅ | ၂၇၇၀ | ၂၇၇၀ | ၂၉၉၀ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၅ | ၁၉၃၆ |
| 95 Ron | ၁၉၅၅ | ၂၀၂၈ |
| HSD (500 ppm) | ၂၄၉၆ | ၂၅၇၅ |
| HSD (50 ppm) | ၂၅၆၇ | ၂၆၄၈ |
| HSD (10 ppm) | ၂၅၆၇ | ၂၆၄၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



## အဆင့်မြင့်ယဉ်ကျေးမှုသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၅**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့်ယဉ်ကျေးမှုသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရင်ပြင်တော်ရာဟုထောင့် အောင်မြေအနီးရှိ ထီးတော်ရုံ တန်ဆောင်း၌ ကျင်းပသည်။

**ဝမ်းမြောက်စကားပြောကြား**

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးအောင်သော်က သင်တန်းပြီးမြောက်အောင်မြင်မှု ဝမ်းမြောက်ကြောင်းစကားပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးဟန်က သင်တန်းသင်ကြားပြီးစီးမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့တာဝန်ရှိသူများက သင်တန်းနည်းပြဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြုလက်ဆောင်ကိုလည်းကောင်း၊ ဆုရသင်တန်းသား သင်တန်းသူများအား ဆုလက်ဆောင်များကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသင်တန်းကို ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများ စေတီတော်ကြီး၏ ဝေယျာဝစ္စလုပ်ငန်းများဆောင်ရွက်ရာတွင် ထေရဝါဒဗုဒ္ဓဘာသာ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် အညီဆောင်ရွက်နိုင်စေရန်နှင့် အများပြည်သူနှင့် ဆက်ဆံပြောဆိုရာတွင် ကိုယ်၊ နှုတ်၊ နှလုံး ယဉ်ကျေးသိမ်မွေ့စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ရာ အောက်တိုဘာ ၁၁ ရက်မှ ၂၄ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၂၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းရင်းဆေးဆရာများ၏ ဆေးကုသမှု စွမ်းဆောင်ရည်မြှင့်မားရေး မွမ်းမံသင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၂၅**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ပူးပေါင်း၍ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းမှ ကြီးမှူးဖွင့်လှစ်သော တိုင်းရင်းဆေးဆရာများ၏ ဆေးကုသမှုစွမ်းဆောင်ရည်မြှင့်မားရေး မွမ်းမံသင်တန်းဖွင့်ပွဲကိုအောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဆရာကြီးဦးမြင့်ဦးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဗဟိုဥက္ကဋ္ဌ ဆရာကြီးဦးစိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းညွန့်နှင့် ဦးစီးဌာန အရာရှိကြီးများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအဖွဲ့ဗဟို အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဦး(ဂရိတ်ဝေါ) နှင့် အဖွဲ့ဝင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ ဒေါက်တာရီရီချိုနှင့် အဖွဲ့ဝင်များ၊ သင်တန်းပို့ချသူ တိုင်းရင်းဆေးတက္ကသိုလ်မှ ပါမောက္ခဆရာကြီး၊ ဆရာမကြီးများ၊ သင်တန်းကြီးကြပ်တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ယနေ့ဖွင့်လှစ်သည့်သင်တန်းသည် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ပူးပေါင်းပြီး ဒုတိယအကြိမ်ဖွင့်လှစ်သည့် သင်တန်းဖြစ်ပြီး သင်တန်းကို အောက်တိုဘာ၂၅ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ သင်တန်းသား သင်တန်းသူ တိုင်းရင်းဆေးဆရာ ဆရာမများ တက်ရောက်ကြောင်း သိရသည်။

**ထွန်းထွန်း**



# အလုပ်သင်ဆရာဝန်များ လူထုအကျိုးပြုဆေးပညာ ကွင်းဆင်းလေ့လာရေး ဖွင့်ပွဲအခမ်းအနား ကျင်းပ

မကွေး အောက်တိုဘာ ၂၅

မကွေးဆေးတက္ကသိုလ် အလုပ်သင်ဆရာဝန်များ လူထုအကျိုးပြုဆေးပညာ ကွင်းဆင်းလေ့လာရေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး) မြရောခန်းမ၌ ကျင်းပရာ မကွေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးအေးဦး၊ အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး) ပါမောက္ခချုပ် ဒေါက်တာအေဘီ၊ ပါမောက္ခဌာနမှူးများနှင့် အလုပ်သင်ဆရာဝန်များ တက်ရောက်ကြသည်။

## ရှင်းလင်းပြောကြား

ဖွင့်ပွဲအခမ်းအနားတွင် မကွေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးအေးဦးက အလုပ်သင်ဆရာဝန်များကို ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် လူထုအကျိုးပြု ဆေးပညာ ကွင်းဆင်းလေ့လာရေး ဆောင်ရွက်ခြင်းသည် မိမိတို့ဆရာဝန်များအတွက် အရည်အသွေးပိုမိုပြည့်ဝပြီး သင်ကြားမှု၊ သင်ယူမှု ဖြစ်စေသောနည်းလမ်းများဖြစ်ပါကြောင်း၊ ကွင်းဆင်းလေ့လာရာတွင် အန္တရာယ်ကင်းရှင်းစေရန် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး) ပါမောက္ခချုပ် ဒေါက်တာအေဘီက အမှာစကားပြောကြားခဲ့ပြီး ဆေးတက္ကသိုလ်(မကွေး)ရှိ ဌာနအသီးသီးမှ ပါမောက္ခဌာနမှူးများက လူထုအကျိုးပြု ဆေးပညာကွင်းဆင်းလေ့လာခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ လူထုအကျိုးပြုဆေးပညာကွင်းဆင်းလေ့လာမှုကို အလုပ်သင်ဆရာဝန်များအတွက် အရည်အသွေးပိုမိုပြည့်ဝပြီး သင်ကြားမှု၊ သင်ယူမှုများတွင် ပိုမိုအထောက်အကူပြုစေရန် ရည်ရွယ်၍ အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုစည်သူ(မကွေး)**

# မင်းလှမြို့နယ် စက်မှုလယ်ယာစခန်း၌ စပါးတင်း ၅၀၀ ဆုံ အခြောက်ခံစက်သရုပ်ပြပွဲ ကျင်းပ

မင်းလှ အောက်တိုဘာ ၂၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် အမှတ်(၂၇)စက်မှုလယ်ယာစခန်း၌ တည်ဆောက်ထားသည့် စပါးတင်း ၅၀၀ ဆံ့ အခြောက်ခံစက် သရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



## ပြောကြား

သရုပ်ပြပွဲတွင် ခရိုင်စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းသန့်က စပါးအထွက်နှုန်းကောင်းရရှိရန် စနစ်တကျ ရိတ်သိမ်းပြီး အခြောက်ခံစက်၌ စပါးအခြောက်ခံလျှင် အရည်အသွေးပြည့်ဝသည့် စပါးမျိုးများ ရရှိနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးအောင်အောင်ခန့်က ရာသီဥတုကြောင့် စပါးပျက်စီးမှုကို ကာကွယ်ရန်၊ သိုလှောင် ထိန်းသိမ်းရာတွင် ပျက်စီးဆုံးရှုံးမှု နည်းပါးစေရန်၊ မျိုးကောင်းမျိုးသန့်များ ရရှိစေရန်၊ ဈေးကွက်ကျဆင်းမှုကို ထိန်းချုပ်နိုင်ရန်အတွက် သရုပ်ပြပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်းနှင့် စပါးအခြောက်ခံစက် အသုံးပြုပုံ အဆင့်ဆင့်ကို ရှင်းလင်းပြောကြား၍ လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့သည်။

အဆိုပါသရုပ်ပြပွဲကို ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူ ၅၀ ခန့် တတ်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်) ပွဲစဉ်အတွက် လက်ရည်စစ်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၅

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ကစီစဉ်၍ မြဝတီဘဏ်လီမိတက်နှင့် အင်းဝဘဏ်လီမိတက်တို့က အဓိကကူညီပံ့ပိုးသည့် ၂၀၂၂ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်) ပွဲစဉ်ကို နိုဝင်ဘာ ဒုတိယပတ်တွင် ပြင်ဦးလွင်မြို့ရှိ ချယ်ရီလွင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့်(အမျိုးသား)(H'cap 0–12) ဝါသနာရှင်အဆင့်(အမျိုးသမီး) (H'cap 0–18)ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် လူဦးရေကန့်သတ်ထားသောကြောင့် ဝါသနာရှင်အဆင့် (အမျိုးသား)ပြိုင်ပွဲအတွက် လက်ရည်စစ်ပြိုင်ပွဲကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ခွင့်အား စိစစ်ရွေးချယ်မည်ဖြစ်သည်။ လက်ရည်စစ်ပြိုင်ပွဲကို ရန်ကုန်မြို့ရှိမြို့တော်ဂေါက်ကွင်း (ငွေသော်တာ)နှင့် ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဂေါက်ကလပ်တို့တွင် အောက်တိုဘာ ၃၁ ရက်နှင့် နိုဝင်ဘာ ၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ယှဉ်ပြိုင်လိုသူများအနေဖြင့် အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထားကာ ရန်ကုန်လက်ရည်စစ်ပွဲအတွက် ဖုန်း– ၀၉–၄၂၁၀၀၂၂၅၉ နှင့် ပြင်ဦးလွင်ပွဲစဉ်အတွက် ဖုန်း– ၀၉–၄၂၆၆၆၀၀၀၃ တို့သို့ စာရင်းပေးသွင်းရမည်ဖြစ်သည်။

လက်ရည်စစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သူများသည် ဝင်ကြေးပေးသွင်းရန်မလိုသော်လည်း ဂေါက်ကွင်းသို့ ပေးသွင်းရမည့် Green fees၊ Caddie တို့အား မိမိအစီအစဉ်ဖြင့် ပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲအတွက် ရန်ကုန်လက်ရည်စစ်ပွဲမှ အားကစားသမား ၄၀၊ ပြင်ဦးလွင်လက်ရည်စစ်ပွဲမှ အားကစားသမား ၄၀ စီ ရွေးချယ်မည်ဖြစ်သည်။

ဝါသနာရှင်အဆင့်(အမျိုးသားများအတွက်) ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ကျင်းပပြီးစီးခဲ့သည့် ပွဲစဉ်ခြောက်ပွဲတို့တွင် Order of Merit ဇယားများအရ အဆင့် (၁) မှ(၃၀) အတွင်း ရရှိသူများသည် ယခုလက်ရည်စစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်စရာမလိုဘဲ ၂၀၂၂ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်) ပွဲစဉ်တွင် တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

**ကိုညီလေး**

## ❍ ကျောဖုံးမှ

ထီရယ်လ်ထန်သည် ဘင်တန်ဝိတ်တန်းစိန်ခေါ်ပွဲအဖြစ် ဖိလစ်ပိုင်နိုင်ငံသားပါကာတီနှင့် ထိုးသတ်ရမည်ဖြစ်သည်။ ထီရယ်လ်ထန်သည် ONE Championship အဖွဲ့အစည်းနှင့် လက်တွဲအပြီး စိန်ခေါ်ပွဲငါးပွဲထိုးသတ်ထားရာ သုံးပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားပြီး နောက်ဆုံးထိုးသတ်သည့်ပွဲတွင် တားမြစ်ထားသည့်နေရာအား ထိုးမိသဖြင့် ပွဲမပြီးမီရပ်နားခဲ့ရသည်။

နိုဝင်ဘာနှင့် ဒီဇင်ဘာတွင် မြန်မာ MMA ဖိုက်တာများဖြစ်သည့် အောင်လအန်ဆန်နှင့် ထီရယ်လ်ထန်တို့၏ တွဲဆိုင်းများပါဝင်လာမည်ဖြစ်ပြီး စိန်ခေါ်ပွဲများ ထိုးသတ်ရမည်ဖြစ်သည်။ **သတင်းစဉ်**

## ✻ မြန်မာနိုင်ငံမှ

မြန်မာ့ရေထွက်ကုန်ကို ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး ပင်လယ်ပြင်တို့တွင် ဖမ်းဆီးလေ့ရှိပြီး အအေးခန်းစက်ရုံ၊ ထုပ်ပိုးမှုစက်ရုံနှင့် ပြည်ပသို့ပို့ဆောင်ရာ၌ ရန်ကုန်မြို့မှ အဓိကဖြန့်ချိတင်ပို့လျက်ရှိသည်။ ပင်လယ်ကူးသင်္ဘောများအဝင်အထွက်ရှိ၍ နိုင်ငံတကာလေဆိပ်တည်ရှိရာ ရန်ကုန်မြို့တွင် ရေထွက်ကုန်မြန်ဆန်စွာတင်ပို့နိုင်သော ပို့ကုန်အခြေခံကောင်းများတည်ရှိသည့်အတွက် ရန်ကုန်မြို့တွင် နိုင်ငံတကာအဆင့်မီ ငါးဈေးကြီးတစ်ခု တည်ဆောက်ရန် အခွင့်အလမ်းများစွာ တည်ရှိနေခြင်းဖြစ်သည်။

"ဘယ်နိုင်ငံဖြစ်ဖြစ်နိုင်ငံတကာငါးဈေးဆိုတာရှိသင့်တယ်။ မြန်မာနိုင်ငံအနေနဲ့ ငါး၊ ပုစွန်နဲ့ပတ်သက်ပြီး ပြည်ပတင်ပို့တဲ့ အပြင်ပြည်တွင်းမှာလည်း ရောင်းချနေတဲ့အတွက် ငါးဈေးကွက်ကြီးရှိတယ်။ ဈေးကွက်ကြီးပေမယ့် နိုင်ငံတကာအဆင့်မီ ရေထွက်ကုန်ဈေးရှိလားဆိုတော့မရှိဘူး။ ရန်ကုန်မှာ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးနဲ့ လှိုင်ရွှေပိတောက် ငါးဈေးရှိပေမယ့် နိုင်ငံတကာတော့ အဆင့်မမီဘူး။ ရန်ကုန်မြို့ဟာ ငါး၊ ပုစွန် တင်ပို့တာများတဲ့အတွက် နိုင်ငံတကာအဆင့်မီ ငါးဈေးကြီးထားရှိမယ်ဆိုရင် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်တဲ့ ရန်ကုန်ဟာအသင့်တော်ဆုံးပါ။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က နိုင်ငံတကာအဆင့်မီ ငါးဈေးကြီးတစ်ခု ရှိသင့်တယ်လို့ စီမံကိန်းတစ်ခုအနေနဲ့ အစည်းအဝေးဆုံးဖြတ်ချက်လုပ်ထားတာ ကျွန်မနားလည်ထားတယ်။ နိုင်ငံတကာငါးဈေးနဲ့ပတ်သက်ရင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဟာ အတွေ့အကြုံရှိတာကြောင့် ငါးလုပ်ငန်းဦးစီးဌာန၊ စည်ပင်သာယာနဲ့ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကအစ ဆောင်ရွက်သွားရမှာပါ။ ငါးဈေးကွက်ကြီးတစ်ခု ပေါ်ထွန်းလာမယ်ဆိုရင် နိုင်ငံအတွက် ခိုင်မာတဲ့ နိုင်ငံခြားဝင်ငွေလည်း ရရှိလာမှာပါ။ အာဆီယံမှာ သဘာဝသယံဇာတ အကောင်းဆုံးတည်ရှိနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် အမိနိုင်ငံတိုးတက်ဖို့အသင့်ရှိနေပါတယ်"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

နိုင်ငံတကာအဆင့်မီ ငါးဈေးကြီးတည်ဆောက်ရန် ရန်ကုန်မြစ်၊ လှိုင်မြစ်နှင့် ပန်းလှိုင်မြစ်ဘေးတွင် ကျယ်ဝန်းသောမြေနေရာ လိုအပ်မည်ဖြစ်ပြီး ငါး၊ ပုစွန်စက်လှေများဆိုက်ကပ်ရန်နေရာ၊ ကွန်တိန်နာ သင်္ဘောဆိုက်ကပ်ရန်နေရာ၊ ရေထွက်ကုန်ထားရှိရန် အဆောက်အအုံများ၊ ပြည်တွင်းရေထွက်ကုန်ဖြန့်ချိရာအဆောက်အအုံနှင့် ပြည်ပ ဖြန့်ချိရာ အဆောက်အအုံများ၊ အအေးခန်းစက်ရုံများ၊ ယာဉ်ရပ်နားရန်နှင့် ဝင်လမ်းထွက်လမ်းများ၊ ရေဆိုးထုတ်ပြွန်လိုင်းများ၊ ၂၄ နာရီရေထွက်ကုန်ရောင်းချမည့်ဆိုင်ခန်းများနှင့် လူနေအဆောက်အအုံများ၊ ဘဏ်များနှင့် စားသောက်ဆိုင်များထားရှိရန်လိုအပ်မည်ဖြစ်သည်။

နိုင်ငံတကာအဆင့်မြင့်ဈေးကြီးပေါ်ထွန်းလာပါက မြန်မာရေထွက်ကုန်ပို့ကုန်နှင့် စားသုံးသူကဏ္ဍမှာ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ပြောင်းလဲတိုးတက်လာမည့်အပြင် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်မှုဖြင့် နိုင်ငံတော်နှင့်တိုင်းရင်းသားမွေးမြူရေးတောင်သူတို့အတွက် စီးပွားရေးအခွင့်အလမ်းများစွာ ပေါ်ထွန်းလာမည်ဖြစ်သည်။

လက်ရှိတွင် မြန်မာရေထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိပြီး ကုန်ကြမ်းများကို ထိုင်း၊ တရုတ်သို့ အများဆုံးတင်ပို့၍ ဗီယက်နမ်နှင့်ဘင်္ဂလားဒေ့ရှ်တို့မှတစ်ဆင့် အခြားပြည်ပနိုင်ငံများသို့လည်း တင်ပို့လျက်ရှိသည်။ ပြည်ပဝင်ငွေ ပိုမိုရရှိစေမည့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်သော ပြည်ပနိုင်ငံများကို အမှီပြုနေရရာမှ ပြည်ပသို့ တန်ဖိုးမြှင့်ရေထွက်ကုန် တိုက်ရိုက်တင်ပို့နိုင်မှုဖြင့် နိုင်ငံတော်ကရည်မှန်းထားသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍမှ နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိစေမည်ဖြစ်ရာ မြန်မာ့ရေချို/ရေငန်ရေထွက်ကုန်ဝယ်လက်နိုင်ငံများစွာ တိုးပွားလာမည့်အခွင့်အရေးများ ပေါ်ထွန်းလာမည်ဖြစ်သည်။

**ညိမ်းသူ (သတင်းစဉ် )**

**ဓာတ်ပုံ – ကနူး**

## ❖ ယူရိုပါလိဂ်မှ

အက်စ်တွန်ဗီလာအသင်းဟာ လက်ရှိပရီမီယာလိဂ်ပွဲစဉ် ၁၂ ပွဲကစားပြီးချိန်မှာ အဆင့် ၁၅ နေရာမှာ ရပ်တည်နေတာလည်းဖြစ်ပါတယ်။ နည်းပြ အူနိုင်းအမ်မရီဟာ ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ဆီဗီလာအသင်းနဲ့အတူ ယူရိုပါလိဂ်ဖလား သုံးကြိမ်ရယူပေးနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှာ ဗီလာရီးယဲလ်အသင်းကို ပြောင်းရွှေ့ခဲ့ကာ ၂၀၂၀–၂၀၂၁ ဘောလုံးရာသီ မှာတော့ ယူရိုပါလိဂ်ဗိုလ်လုပွဲမှာ မန်ယူအသင်းကို အနိုင်ရရှိခဲ့ကာ ဗီလာရီးယဲလ်အသင်းအတွက် ယူရိုပါလိဂ်ဖလားတစ်ကြိမ်ရယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။

ဒါ့ပြင် အူနိုင်းအမ်မရီဟာ ဗီလာရီးယဲလ်အသင်းနဲ့အတူ ပြီးခဲ့တဲ့နှစ်က ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်မှာ လီဗာပူးအသင်းကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး–နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ရတာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

# ပိုင်ကျုံမြို့တွင် ကိုဗစ်–၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ဆက်လက်ထိုးနှံ

ပိုင်ကျုံ အောက်တိုဘာ ၂၅

ကရင်ပြည်နယ် ပိုင်ကျုံမြို့တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ လေးလအထက်ရှိသူများအား ထပ်ဆောင်းကာကွယ်ဆေးအဖြစ် ထိုးနှံခြင်းလုပ်ငန်းကို ယနေ့နံနက် ၉ နာရီက ပိုင်ကျုံတိုက်နယ်ဆေးရုံတွင် ဆက်လက်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ လေးလနှင့်အထက်ရှိသူများဖြစ်သည့် နိုင်ငံ့ဝန်ထမ်းများနှင့် အတူနေမိသားစုဝင်များ ကျေးလက်နေပြည်သူများအား ကိုဗစ်–၁၉ ရောဂါကူးစက်ဖြစ်ပွားမှုကို ထိရောက်စွာကာကွယ်နိုင်ရေးအတွက် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။

ပိုင်ကျုံမြို့တွင် မြို့ပေါ်(၅)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၇ အုပ်စုရှိရာ ဒေသနေပြည်သူများနှင့် ကျောင်းသားကျောင်းသူများ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံနိုင်ရေးအတွက် ပိုင်ကျုံမြို့ တိုက်နယ်ဆေးရုံတွင် အင်္ဂါနေ့နှင့် သောကြာနေ့တို့တွင် အပတ်စဉ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **နော်ခူး(ပြန်/ဆက်)**

# တစ်ယောက်တည်းနေရင်

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ



မင်းပဲဖြစ်ဖြစ်၊ သူပဲဖြစ်ဖြစ်၊ ငါပဲဖြစ်ဖြစ်ဆိုတဲ့ မင်း၊ သူ၊ ငါ ကိုယ်စားပြု စကားသုံးလုံးကို တစ်ဦးနဲ့ တစ်ဦး ကွဲပြားအောင် ပြောဆိုသုံးနှုန်းနေကြပါတယ်။

မင်းပဲဖြစ်ဖြစ်၊ ငါပဲဖြစ်ဖြစ်၊ သူပဲဖြစ်ဖြစ် အခု ဘာလုပ်နေကြတာလဲဆိုရင် လောကကြီးအတွင်းမှာ နေနေကြ၊ ထိုင်နေကြတာပေါ့လို့ ဖြေရပါလိမ့်မယ်။ နေကြ၊ ထိုင်ကြတယ်ဆိုရင်တော့ ဘယ်လိုနေကြသလဲ၊ ဘာတွေလုပ်ပြီးနေကြသလဲ၊ ဘယ်သူတွေနဲ့ နေကြသလဲဆိုပြီး အမေးစကားတွေ တစ်ခုပြီး တစ်ခု ထွက်လာပါလိမ့်ဦးမယ်။

မင်း၊ ငါ၊ သူ တွဲပြီး သုံးနှုန်းကြလေ့ရှိတော့ မင်း၊ ငါ၊ သူ အတူတကွနေကြတာပေါ့လို့ အလိုလို သိလာပါတယ်။ အတူတူနေကြတယ်ဆိုပြန်တော့ တစ်ခါတလေလည်း ‘မင်း’ တစ်ယောက်တည်း။ ‘ငါ’တစ်ယောက်တည်း၊ ‘သူ’တစ်ယောက်တည်း ဆိုတာမျိုးလည်း ရှိတတ်ကြပါသေးတယ်။

အများစုပေါင်းပြီးနေကြသလို တစ်ယောက်တည်းလည်း နေကြတယ်လို့ပြောတာပေါ့။

နေပုံနေနည်းက နှစ်မျိုးဖြစ်သွားပြန်တယ်။ စုပေါင်းနေနည်း၊ တစ်ယောက်တည်းနေနည်းလို့ သိပြန်တော့ ဘယ်လိုနေတာကောင်းသလဲ။

“ကောင်းသလဲ” ဆိုတာ “အဆင်ပြေတာကို ပြောတာလား” မှန်ကန်တာက ပြောတာလားလို့ ဆက်ပြီး စဉ်းစားစရာတွေ ဖြစ်လာပါတယ်။ တစ်ခါတလေ ကောင်းတာတွေနဲ့ ကြုံတဲ့အခါ အဆင်ပြေတယ်လို့ ပြောနိုင်ပေမယ့် ဘယ်လောက်ပဲကောင်းတယ်လို့ သမုတ်ထားတာတွေနဲ့ ကြုံနေ၊ ဆုံနေပါစေ၊ အဆင်မပြေဘူးဆိုတာမျိုးတွေလည်း ဖြစ်နေတတ်ပြန်ပါတယ်။

ဟုတ်တယ်လေ၊ ဒါက ကြုံတတ်ဆုံတတ်တဲ့ သဘောသဘာဝဖြစ်ရပ်တွေကို ပြောပြနေတာပါ။

“တစ်ယောက်တည်းနေတာ ကောင်းသလား၊ အများနဲ့ စုပေါင်းနေတာကောင်းသလားဆိုတဲ့ အမေးစကားက ထွက်လာတဲ့ စဉ်းစားမှုအဖြေတွေပါ။ နောက်တစ်ခုရှိပါသေးတယ်။ “တစ်ယောက်တည်းနေတာ မှန်သလား၊ အများနဲ့စုပေါင်းနေတာ မှန်သလား” ဆိုတဲ့ အမေးစကားပါ။

ဒီနေထိုင်ပုံနှစ်မျိုးနဲ့ ပတ်သက်ပြီးတော့ ကောင်းသလား၊ မှန်သလားဆိုတဲ့ မေးခွန်းနှစ်ခုဟာ အဖြေတစ်ခုတည်းရောပြီး အေး. . ဘယ်ဟာက ကောင်းတာပေါ့ မှန်လည်းမှန်တာပေါ့လို့ ဖြေရဖို့က တော်တော် မလွယ်ကူပါဘူး။

လောကကြီးတစ်ခုလုံးက လောကမှာနေကြသူတွေအတွက် အချိန်မရွေး၊ နေရာမရွေး တရားအသိတွေကို ပေးနေကြပါတယ်။

လက်ခံလိုသူတွေက တရားရနိုင်သလို လက်ခံနိုင်သူတွေမှာလည်း တရားရလက်ခံနိုင်ပါတယ်။

အများပြောပြောနေကြတဲ့ တရားဆိုတာဟာ ဒါတွေပါပဲလို့ အများအသုံးအနှုန်းကို အတိအကျ အဓိပ္ပာယ် မကောက်တတ်ပေမယ့် တကယ်တရားဆိုတဲ့ ဓမ္မရဲ့ အဓိပ္ပာယ်တစ်ခုကတော့ သဘာဝပါပဲ၊ သဘောပါပဲ။

ဒီဓမ္မ၊ ဒီသဘာဝ၊ ဒီသဘောဆိုတဲ့တရားကို လောကကြီးကပေးနေသလို လောကကြီးဆိုတာကလည်း ဒီဓမ္မ၊ ဒီသဘာဝ၊ ဒီသဘောဆိုတဲ့ တရားပဲလို့တော့ အဓိပ္ပာယ်ကောက်ယူနိုင်ပါတယ်။

လောကကြီးက သူ့သဘောနဲ့သူ။ သူ့အလုပ်သူလုပ်ပြီး သူ့သဘာဝအတိုင်းသူဖြစ်နေတာပါပဲ။

ဒါကြောင့် တစ်ယောက်တည်းနေတာလည်း သဘာဝတစ်ခုပါပဲ၊အများနဲ့စုပေါင်းနေကြတာလည်း သဘာဝတရားတစ်ခုပါပဲ၊ လောကကြီးမှာ နေကြထိုင်ကြတဲ့ သတ္တဝါတွေဟာ လောကဖြစ်သလို လောကဓမ္မ သဘာဝအတိုင်းသာဖြစ်နေကြတာ သတ္တဝါတွေပါပဲ။

“အရှင်ဘုရား၊ တပည့်တော်တစ်ခုလျှောက်ပါရစေဘုရား”

“ဟာ ... လျှောက်ပါ၊ လျှောက်ပါ၊ စကားတွေ ဘာတွေ ပလ္လင်ခံနေစရာမလိုပါဘူး၊ အချင်းချင်းတွေပဲ၊ ပြောစရာရှိတာသာပြောပါ”

“မှန်လှပါအရှင်ဘုရား၊ ပြောစရာ၊ လျှောက်စရာ ဆိုတာထက် မေးစရာပါဘုရား”

“ကဲပါ ... ဒါဖြင့်ရင်လည်း မေးပါ”

“မေးပါမယ်ဘုရား၊ အခုလို တပည့်တော် တစ်ပါးတည်းနေတာ ကောင်းပါသလားဘုရား”

“အင်း”

“ဘုန်းကြီးဘုရား၊ တပည့်တော် တစ်ပါးတည်း နေတာ ကောင်းပါသလားဘုရား”

“ညီမောင်ကအဲဒီအမေးကို မေးပြီဆိုရင်တော့ အဖြေကို ချက်ချင်းပေးချင်ပါတယ်။ ဒါပေမဲ့ မေးခွန်းက နောက်တစ်ခုဆက်ပြီး လာစရာရှိသေးလို့ အမေး စောင့်ရကောင်းမလားလို့ မဖြေသေးဘဲနေတာပါ”

“မှန်လှပါအရှင်ဘုရား၊ ဒီအမေးလည်း အဖြေသိချင်ပါတယ်၊ နောက်ထပ် အမေးလည်းလျှောက်ဦးမှာပါဘုရား”

“အင်း... အဲဒီလိုဆိုရင်လည်း နောက်ထပ်အမေးကို လျှောက်ပါဦးလေ”

“အခုလို တပည့်တော် တစ်ယောက်တည်းနေတာရော မှန်ပါသလားဘုရား”

“ဟုတ်တယ်၊ ဟုတ်တယ်၊ ညီမောင်ထံက အဲဒီအမေးမျိုး လာဦးမလားဆိုပြီး စိတ်ထဲနေသိချင်နေ၊ စောင့်နားထောင်ချင်နေတယ်၊ ဟုတ်တယ်၊ ညီမောင်မေးတဲ့ မေးခွန်းနှစ်ခုက တကယ်တန်ဖိုးရှိတယ်၊ အဓိပ္ပာယ်တို့ အဖြေတို့ကိုလည်း သိသင့်တဲ့မေးခွန်းပါပဲ”

“ကဲ .. မေးတဲ့ ညီမောင်ကမေးပြီးပြီ၊ ဖြေရမယ့် အလှည့်ရောက်လာတဲ့ တပည့်တော်က ဖြေပါမယ်”

“မေးခွန်းက တစ်ယောက်တည်းနေတာ ကောင်းသလား၊ တစ်ယောက်တည်းနေတာ မှန်သလားဆိုတော့ ဒီအမေးနှစ်ခုကို ထောက်ဆသောအားဖြင့် အများနဲ့စုပေါင်းပြီးနေတာကလည်း ကောင်းသလား၊ မှန်သလားဆိုတဲ့ မေးခွန်းတစ်စုံပါ ထပ်ပြီးပါနေပါတယ်”

“ဟုတ်ပါတယ်ဘုရား” ။

“ကဲ.. ပြောပါမယ်၊ တစ်ယောက်တည်းနေတာ ကောင်းသလားဆိုတဲ့ မေးခွန်းက အရင်မေးပေမယ့် တစ်ယောက်တည်းနေတာ မှန်သလားဆိုတဲ့ အမေးကို အရင်ဖြေပါ့မယ်”

“မှန်လှပါအရှင်ဘုရား၊ ဘုန်းကြီးနှစ်သက်သလိုသာ ဖြေပေးပါဘုရား”

“ညီမောင်ကိုလည်း ပညာရှိတစ်ပါး၊ သူတော်ကောင်းတစ်ပါးလို့ တပည့်တော်ရဲ့စိတ်ထဲမှာ ခံယူထားပါတယ်၊သူတော်ကောင်းတွေဆိုတာကောင်းတဲ့ အလုပ်တွေကို လုပ်ကြပါတယ်။ ပညာရှိဆိုတာတွေဟာလည်း မှန်တာကိုသာ လုပ်ကြလေ့ရှိပါတယ်” ။

(ဆက်လက်ဖော်ပြပါမည်)

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့ နေပါ့မယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၁၃)

ဦးမင်းဟန်(ဘီအေ)

“မောင်ထူးရေ”

“ခင်ဗျာ– ဟုတ်ကဲ့ဘိုးလေး။ ပြောပါခင်ဗျာ”

“ဟဲ့– ဟဲ့၊ မောင်ထူးစကားက ယဉ်ကျေးသိမ်မွေ့နေပါလား”

“ပြောတော့ ပူစူးမရေ၊ အရင်တုန်းက ပြောခဲ့တဲ့စကားတွေက မယဉ်ကျေးမသိမ်မွေ့ဘူးပေါ့လေ”

“ဒီသဘောမျိုး မဟုတ်လောက်ပါဘူးမောင်ထူးရာ၊ ဒီနေ့မှာတော့ မင်းက အရင်တုန်းကထက် ပိုပြီးယဉ်ကျေးလာလို့၊ ပိုပြီး သိမ်မွေ့လာတယ်လို့ ပူစူးမကဂုဏ်ယူပြောဆိုတာဖြစ်မှာပါ”

ဘိုးလေးကြွက်အိမ်ရှေ့ရှိ ကုက္ကိုပင်ကြီးအောက်တွင်ထိုင်နေကြရင်း မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့ အပြန်အလှန်ပြောနေကြသည်များကို ဘိုးလေးကြွက်က နားစွင့်နေရာမှ ဝင်ပြောလိုက်သည်။

“မောင်ထူးက ရည်ရည်မွန်မွန်နဲ့ အခုလိုပြန်ပြောလာတာကြားရလို့ ဘိုးလေးဝမ်းသာတယ်။ ဒီမနက် ကျက်သရေရှိလိုက်တာကွယ်။ ပူစူးမနဲ့ ကိုဦးတို့ကလည်း မြေးရဲ့ ရည်မွန်တဲ့အပြောအဆိုကို ကြိုဆိုကြတာပါ”

ဘိုးလေးကြွက်၏စကားကြောင့်သာ မောင်ထူးတစ်ယောက် ပြုံးနိုင်ရယ်နိုင်ဖြစ်သွားရခြင်းဖြစ်သည်။

“ဟုတ်ကဲ့ပါဘိုးလေး၊ မြေးလည်း ဘိုးလေးရဲ့ သွန်သင်ဆုံးမမှုကြောင့် အိမ်မှာရော၊ ကျောင်းမှာရော၊ ရပ်ထဲရွာထဲမှာရော၊ ဘယ်နေရာမှာဖြစ်ဖြစ် ရည်မွန်ယဉ်ကျေးအောင်ပြောတတ်လာတာပါ”

“မောင်ထူးရဲ့ ဒီစကားကိုတော့ မြေးတို့အားလုံးထောက်ခံပါတယ်။ မြေးတို့လည်း အရင်ကထက်စာရင် ပိုပြီးယဉ်ကျေးသိမ်မွေ့လာတာတော့ အမှန်ပါပဲ။ ဘိုးလေးကိုလည်း ကျေးဇူးအထူးတင်ပါတယ်”

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦး ပြိုင်တူပြောလိုက်သည့်စကားသံက ဘိုးလေးကြွက်၏နှလုံးသားဆီ တည့်တည့်မှန်လေတော့သည်။

“သြော်–သြော်ဒီလိုလားကွယ့်။မြေးတို့ကဘိုးလေးသွန်သင်တာတွေကို လိုက်နာမှတ်သားကျင့်ဆောင်ကြလို့ ဘိုးလေးက ဝမ်းသာနေတာ။ ကျောင်းမှာစာသင်ခန်းအတွင်းမှာ လူမှုဆက်ဆံရေးပြေပြစ်ကောင်းမွန်အောင် စာသင်ခန်းဆိုင်ရာယဉ်ကျေးမှုနဲ့ ဆက်နွယ်တာလေးတွေပြောဖြစ်နေရတာကို ဘိုးလေးအနေနဲ့ အတော်လေးအားရှိတယ်။ မြေးတို့တွေ ဒီထက်မက ပိုမိုပြီးတော့ယဉ်ကျေးလာကြမယ်၊ အနန္တဂိုဏ်းဝင် ဆရာ ဆရာမတွေကို အရင်ကထက်ပိုပြီး ရိုသေလေးစားမှုတွေ ရှိလာကြမယ်ဆိုရင် မြေးတို့ ကျောင်းသား ကျောင်းသူတွေအတွက် လူ့အဖိုးတန်လေးတွေအဖြစ် အများကြီးအကျိုးရှိလာမှာပေါ့ကွယ်”

“ဟုတ်ကဲ့ပါဘိုးလေး။မြေးတို့အားလုံး အထူးဂရုတစိုက်နဲ့ယဉ်ကျေးသိမ်မွေ့အောင်ကြိုးစားပါ့မယ်”

“သာဓုပါကွယ် သာဓု သာဓု။ မြေးတို့က ယဉ်ကျေးလိမ္မာပြီးသားပါ။ မြေးတို့တစ်တွေက စာသင်ခန်းထဲမှာ ဆရာ ဆရာမတွေကို ရိုသေလေးစားပြီး ကျောင်းစည်းကမ်း၊ စာသင်ခန်းစည်းကမ်းတွေကိုလည်း ပိုမိုလိုက်နာကြမယ်ဆိုရင် အခြားကျောင်းသား ကျောင်းသူတွေကလည်း အလိုလို စည်းကမ်းတွေကောင်းလာမယ်။ ပိုပြီးယဉ်ကျေးသိမ်မွေ့လာမှာပေါ့”

“ဟုတ်ကဲ့ပါ၊ မြေးတို့သဘောပေါက်ပါပြီ ဘိုးလေး”

“ဘိုးလေးက ဒီလိုပြောလိုက်လို့ အခြားကျောင်းသား ကျောင်းသူတွေက မယဉ်ကျေးဘူး၊ မသိမ်မွေ့ဘူးလို့ ဆိုလိုတာမဟုတ်ဘူးနော်။ ကလေးတွေအားလုံးက ယဉ်ကျေးမှုအခြေခံကောင်းတွေရှိပြီးသားပါ။ အရင်ကထက် ပိုမိုယဉ်ကျေးသိမ်မွေ့မှုရှိလာအောင်ပြောရတာ။ ခုလို အသိပေးပြောပြသွန်သင်လိုက်တော့ အားလုံးကအလိုလိုအသိဝင်လာကြပြီး စည်းကမ်းလိုက်နာမှုတွေ၊ စာကြိုးစားမှုတွေ၊ ပိုမိုပြီးယဉ်ကျေးတဲ့၊ လိမ္မာတဲ့၊ကောင်းမွန်တဲ့ ယဉ်ကျေးမှုတွေရရှိလာကြပြီး ကောင်းမွန်တဲ့ လူမှုဝန်းကျင်တစ်ခု ဖြစ်ပေါ်လာတာပေါ့”

“ဟုတ်ပါတယ်ဘိုးလေး။ မြေးကိုပဲကြည့်လေ အရင်ကထက်စာရင် ပိုပြီးယဉ်ကျေးသိမ်မွေ့လာတယ်။ နောက်ပြီး ကျောင်းမှာ ဆော့ကစားတဲ့အခါလည်း အရင်လိုတွန်းထိုးဆော့ကစားတာ၊ အရှိန်ပြင်းပြင်းနဲ့ပြေးလွှားဆော့ကစားတာမျိုးတွေကို သတိလေးကပ်ပြီး ဆော့ကစားဖြစ်လာလို့ ကိုယ့်ကိုယ်ပဲဖြစ်ဖြစ်၊ သူတစ်ပါးကိုပဲဖြစ်ဖြစ်၊ မတော်တဆထိခိုက်ပွန်းရှမှုတွေ မရှိသလောက် နည်းပါးလာတယ်။ ဆရာမကြီးရုံးခန်းကို မရောက်တာတောင် လနဲ့ချီနေပါပြီ။ အရင်တုန်းကဆိုရင် တစ်ပတ်မှာ သုံး၊ လေးခေါက်လောက်ရုံးခန်းကိုရောက်ရတယ်၊ အဆူခံရတယ်။ အငေါက်ခံရတယ်။ အရိုက်ခံရတယ်။ ခုတော့ ပတ်ဝန်းကျင်ကသူငယ်ချင်းတွေ ယဉ်ကျေးသိမ်မွေ့တာများလာလို့ကျွန်တော်လည်း သူ့အလိုလိုယဉ်ကျေးသိမ်မွေ့လာတယ်လို့ပြောရမယ်။ ကျွန်တော့်ရဲ့ ကိုယ်တွေ့ဖြစ်ရပ်ပါဘိုးလေး”

မောင်ထူးတစ်ယောက် သူ့ကိုယ်သူဥပမာပေးကာ ဘိုးလေးကြွက်၏စကားကိုထောက်ခံပြီးပြောလိုက်ရာ ဘိုးလေးကြွက်က သဘောတကျပြုံးလိုက်ရင်းဆက်ပြောသည်။

“မြေးက ကိုယ်တွေ့လို့ပြောပြီးဝန်ခံလိုက်တော့ ဘိုးလေးအနေနဲ့ ပိုလို့တောင် မြေးကိုလေးစားရပါတယ်။ အားလုံးကတော့ လိမ္မာယဉ်ကျေးတဲ့အခြေခံတွေရှိနေတာပါပဲ။ ဒါပေမဲ့ သတိမမူမိတာလေးတွေ ရှိတတ်လို့၊ ဘိုးလေးပြောပြရတာ။ ဆရာ ဆရာမတွေဆိုတာ မိဘနဲ့တစ်ဂိုဏ်းတည်းရှိပြီး အနန္တဂိုဏ်းဝင်ပုဂ္ဂိုလ်တွေဖြစ်တယ်ဆိုတာကို အမြဲတမ်းနှလုံးသွင်းထားဖို့ မမေ့ကြနဲ့နော်”

“ဟုတ်ကဲ့ပါ ဘိုးလေး၊ မှတ်သားထားပါ့မယ်”

“ကျောင်းအားချိန်တွေမှာလည်း ဆော့ကစားတဲ့အခါ တရားလွန်မဖြစ်အောင်သတိထားရမယ်။ ကျောင်းသား ကျောင်းသူအချင်းချင်း ညီရင်းအစ်ကိုမောင်ရင်းနှမလို သဘောထားပြီး ရိုင်းပင်းစောင့်ရှောက်ကြရမယ်”

“ဟုတ်ကဲ့ပါ ဘိုးလေး”

“ကစားကြတဲ့အခါ စိတ်ပျော်ရွှင်မှုကိုသာဂရုပြုရမယ်။ သူတစ်ပါးကို ထိခိုက်နစ်နာအောင်မပြုရဘူး။ ကိုယ်လက်အင်္ဂါ ကျန်းမာသန်စွမ်းစေတဲ့ ကစားနည်းမျိုးတွေကိုသာ ကစားကြရမယ်နော်။ ဒါတွေကိုလိုက်နာတာဟာလည်း စာသင်ခန်းယဉ်ကျေးမှုကို လိုက်နာတာပဲပေါ့ကွယ်”

ဘိုးလေးကြွက်၏စကားအဆုံးမှာ မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့ သုံးဦးက အသင့်ပါလာကြသည့် မှတ်စုစာအုပ်အသီးသီးတွင် ရေးမှတ်နေကြတော့သည်။ ။

■

# ပါရမီဆယ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

**နေက္ခမ္မပါရမီ**

**ထာဝရချမ်းသာစစ်**

"ဩော်...သတ္တဝါတို့ရဲ့ အသက်ဟာမမြဲပါတကား။ သေခြင်းတရားကသာ မြဲလေတယ်။ သေခြင်းသာ အဆုံးပါပဲလား။ ငါဟာလည်း အိုမယ်၊ နာမယ်၊ သေမယ်ဆိုတဲ့ ဒုက္ခဆင်းရဲအပေါင်းကနေ လွတ်နိုင်မယ်မဟုတ်။ ဒီဘေးဒုက္ခတွေကနေ လွတ်မြောက်အောင်၊ ဒီဘေးဒုက္ခတွေ မနှိပ်စက်နိုင်အောင် ငါ... ရဟန်းပြုမှ ဖြစ်ချေမယ်"

ယုဓဉ္စယမင်းသားသည် ရရှိလာသည့် အကြံအစည်ကို တီးတိုးရေရွတ်လိုက်ခြင်းဖြစ်သည်။ တစ်ဆက်တည်းမှာပင် ဖြစ်ပေါ်လာရသည့် အကြံကို ခမည်းတော်နှင့်မယ်တော်ကို လျှောက်ထားတင်ပြပြီး ရဟန်းပြုခွင့် တောင်းခံလေတော့သည်။

ဤဖြစ်စဉ်ကား ရေးလွန်လေပြီးသောအခါက ရမ္မပြည့်ရှင် သဗ္ဗဒတ္တမင်းကြီးလက်ထက်တော် အချိန်ဖြစ်ပြီး မင်းကြီး၌ သားတော်တစ်ထောင်ရှိလေရာ ယုဓဉ္စယမင်းသားသည် သားတော်အကြီးဆုံးဖြစ်သည့်အပြင် အိမ်ရှေ့စံအရာ ချီးမြှင့်ခံထားရသည်။ ထို့ကြောင့် ထီးနန်းဆက်ခံခွင့်အတွက် အဆင်သင့်လှုပေသည်။

"နောင်တော်ကြီးကတော့ အလှူရေစက်လက်နဲ့မကွာဘူးနော်"

"ဟုတ်ပ ဟုတ်ပ။ တို့နောင်တော်ကြီးကတော့ နေက္ခမ္မပါရမီရင့်သန်စေဖို့ ကုသိုလ်အရေး ဖြည့်ဆည်းနေတယ်နဲ့ တူပါတယ်"

ညီတော်နှစ်ဦး၏ အပြန်အလှန်ပြောစကားများကိုနားစွင့်လျက် နောင်တော်ကြီးအိမ်ရှေ့စံမင်းသားဖြစ်သူ ယုဓဉ္စယမင်းသားက ခပ်ဖွဖွလေးပြုံးလိုက်သည်။ ညီတော်နှစ်ဦး မည်သည့်အကြောင်းကို အခြေခံသည်ကိုလည်း နောင်တော်ကြီးက သိနေသည်။ နန်းမွေဆက်ခံရေးကိစ္စသာ ဖြစ်ပေသည်။ ဖခမည်းတော်တွင် သားတော်တစ်ထောင်ရှိသည့်အတွက် ထီးနန်းအမွေဆက်ခံရန် အလားအလာမရှိကြသည့် ညီတော်အငယ်များက ထီးနန်းစည်းစိမ်ကို လိုလားတပ်မက်မှုများပိုမိုရှိနေကြောင်း သိထားပြီးလည်းဖြစ်သည်။

"မင်းညီမင်းသားဘဝနဲ့တော့ အရိုးထုတ်လို့မဖြစ်ဘူး။ အနာဂတ်မှာ ထီးနန်းစည်းစိမ်ကို ရကိုရရစေ့မယ်"

ညီတော်အချို့ထံမှ စကားသံများကိုစိတ်မချမ်းမြေ့ဖွယ် ကြားသိနေရသည်။ နောင်တော်ကြီးဖြစ်လင့်ကစား ယုဓဉ္စယမင်းသားကဖြင့် ထီးနန်းစည်းစိမ်ကို မမက်မော။ နန်းစည်းစိမ်သည် အပေါ်ယံကြည့်ကာ ခံစားလိုကြခြင်းဖြစ်သည်။ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ရသည်က မလွယ်ကူ။ အရာရာကိုကြောင့်ကြနေရသည်။ အရာရာကို စိုးရိမ်နေရသည်။ တိုင်းသူပြည်သားများအတွက်၊ မင်းညီမင်းသားများအတွက်၊ တိုင်းရေးပြည်ရာတို့အတွက် စသည်ဖြင့် အရေးကိစ္စပေါင်းများစွာကို ခါးစည်းဖြေရှင်းနေရသည်ချည်းဖြစ်သည်။ သို့ဖြစ်၍ ထီးနန်းစည်းစိမ်ကို မမက်မောရခြင်းပင်ဖြစ်သည်။

"မင်းညီမင်းသားဘဝကနေ ဧကရာဇ်၊ ပဒေသရာဇ်ဘဝကို မက်မောကြတာပါပဲ။ သာမန်ဧကရာဇ်ဘုရင်တစ်ပါးဘဝထက် လေးကျွန်းသနင်း စကြာမင်းပင်ဖြစ်လိုတယ်။ ဒါကြောင့်လည်း ကြိုးစားနေရတာပါ"

ထီးနန်းစည်းစိမ်ရရှိရေးအတွက် မင်းသားငယ်များက စိတ်အားထက်သန်ကြသကဲ့သို့ ရည်မှန်းချက်ထားကြိုးစားနေသူများလည်းရှိသည်။ အချို့ကလည်း သမမျှတသည့်လမ်းကြောင်းကို မစဉ်းစားဘဲ လူသူလက်နက်နှင့် အတတ်ပညာများစုပြီး အဓမ္မနည်းဖြင့် ရယူရန်ကြိုးစားကြံစည် အားထုတ်မှုများရှိကြောင်းလည်း သိနေရသည်။ ယင်းတို့တွင် နန်းစည်းစိမ်ခံစားရရှိရန် အခွင့်အရေးနည်းပါးသည့် ညီငယ်များက ပိုဆိုးနေကြောင်းသိရသဖြင့် နောင်တော်ကြီးအိမ်ရှေ့စံဖြစ်သူ ယုဓဉ္စယမင်းသားမှာ ထီးမွေနန်းမွေ၏ လောဘဇောတပ်မက်မှုအရာတွင် ပို၍ပင်နည်းပါးနေရလေသည်။

မည်သည့်အတွက်ကြောင့် နန်းစည်းစိမ်ကို မမက်မောရသနည်းဟု တွေးချင့်သော် ကြောင်းကျိုးများစွာရှိနေပေသည်။ စည်းစိမ်ထက် ဘေးကရန်အပေါင်းက ပိုမိုကြီးစိုးနေသည်ကို ယုဓဉ္စယမင်းသားက ကြိုတင်သိမြင်နိုင်စွမ်းရှိနေသည်။ ဘုရင်မင်းမြတ်တစ်ပါးအနေဖြင့် အခြားတိုင်းတစ်ပါးတို့၏ ကျူးကျော်စော်ကားမည့်အရေး၊ အနီးရှိအတွင်းလူများ၏ သစ္စာဖောက်ဖျက်မည့်အရေး၊ ဘယ်နေ့ဘယ်အချိန်တွင်မဆို အသက်အန္တရာယ်ကို ရန်ရှာနိုင်သည့် ဖြစ်စဉ်များအရေး၊ ကိုယ်ကလွဲလျှင်ကိုယ့်ဒူးပင် မယုံကြည်နိုင်သည့် ဘဝအခြေအနေဖြစ်နေရသည့် အရေးတို့ကြောင့် လက်ရှိအိမ်ရှေ့စံမင်းသားဖြစ်နေစဉ်ကာလတွင်ပင် ထိုထိုသော သောကများကို ကြုံတွေ့နေရခြင်းကြောင့်ဖြစ်သည်။ ဘုရင်မဖြစ်သေးသည်ကိုပင် အရိုက်အရာအရှိဆုံးမင်းသားဖြစ်နေရသဖြင့် ဤနေရာကို လုယက်လိုချင်သူတွေများပြားနေရသည်ကလည်း လောကဓမ္မတာပင်ဖြစ်ကြောင်း ယုဓဉ္စယမင်းသားမှာ ဆင်ခြင်လျက် သောကကင်းဝေးအောင်သာ ကျင့်ကြံအားထုတ်လျက်ရှိပေသည်။

ထို့ကြောင့် ယုဓဉ္စယမင်းသားမှာ ဘေးရန်များသည့်ဘဝထက် အေးချမ်းသည့် ငြိမ်းချမ်းရာဘဝကိုသာ လိုလားတောင့်တမိလေသည်။

သို့ဖြစ်၍ မင်းသားသည် အချိန်ရသည်နှင့် အေးချမ်းဆိတ်ငြိမ်သည့် ဥယျာဉ်တော်အတွင်းသို့ ထွက်လာပြီး သဘာဝအရင်းအမြစ်များကိုခံစားမိတော့သည်။ ဥယျာဉ်တော်အတွင်း လွတ်လပ်ပေါ့ပါးစွာ သီကျူးကခုန်နေကြသည့် ငှက်ငယ်များ၏ဘဝကိုကြည့်ပြီး အားကျလျက်ရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ - ဖြာမင်္ဂလာ

**ပညာရှိအဆုံးအမကိုလိုက်နာရမယ်**

သောဝစဿတာ။

"ဆုံးမခံယူ လွယ်ကူသောသူဖြစ်ခြင်း၊ သူတော်ကောင်းတို့ရဲ့စကားကို လိုက်နာလွယ်ကူသူဖြစ်ရခြင်း၊ ပညာရှိအဆုံးအမကိုလိုက်နာရမယ်" လို့ မြန်မာလိုအဓိပ္ပာယ်ရတယ်။

၃၈-ဖြာမင်္ဂလာကဗျာတွေရဲ့ အဋ္ဌမမြောက်ကဗျာဖြစ်တဲ့ "သည်းခံရေးမင်္ဂလာလေးပါး"ထဲက နံပါတ်နှစ် မင်္ဂလာတရားပဲဖြစ်တယ်။ သားတို့သမီးတို့၊ မောင်တို့ မယ်တို့အတွက် ဘဝတစ်သက်တာ မှတ်သားကြရမယ့်မင်္ဂလာတရားတွေပေါ့ကွယ်။

ဟိုး.. ရှေးသရောအခါက...။

"စားသတိ၊ နေသတိ၊ သွားသတိ၊ အစားမတော်တစ်လုတ်၊ အသွားမတော်တစ်လှမ်း၊ ရန်သူတို့ကို ကြည့်ရှောင်ကြပါ။ ငါတို့ရဲ့ရန်သူ မြွေမျိုးတို့ရဲ့ရန်ကို လွတ်အောင်ရှောင်ကြပါ"

ဖားသတ္တဝါတို့ရဲ့ ခေါင်းဆောင်လည်းဖြစ်၊ ပညာရှိလည်းဖြစ်တဲ့ ဖားပညာရှိက ဖားတို့ကိုစုစည်းစေကာ သတိပေးစကားပြောကြားလိုက်တာဖြစ်တယ်။

ဖြစ်ကြောင်းအစဉ်ကတော့ ရေကန်ကြီးတစ်ခုရဲ့နံဘေးရှိ တောင်ပို့တစ်ခုမှာ မြွေအုပ်စုတစ်စုရယ်၊ ကန်ပေါင်တစ်ဖက်ရှိ သစ်ပင်ကြီးခြေရင်းမှာ ကြွက်အုပ်စုတစ်စုရယ်၊ ကန်ပေါင်ရိုးမြေတွင်းတွေမှာ မြွေပါအုပ်စုတစ်စုရယ် နေထိုင်ကြတယ်။ ဖားမျိုးစုတစ်စုကတော့ ရေကန်အတွင်းမှာ နေထိုင်ကြတာပေါ့။ ဖားဟာ မြွေရဲ့အစာ၊ မြွေဟာ မြွေပါရဲ့အစာ၊ ကြွက်ဟာ မြွေရဲ့ အစာဖြစ်သလို ဖားဟာလည်း မြွေရဲ့အစာပဲဆိုတော့ အန္တရာယ်က လက်တစ်ကမ်းမှာကို ရှိနေတယ်ဆိုပါတော့။




အဲဒီအရာကိုကြိုတင်သိမြင်တဲ့ ဖားပညာရှိက ဖားမိသားစုတွေကိုစုစည်းစည်းဝေးကာ သတိရှိရှိနဲ့ နေထိုင်သွားလာကြဖို့ အသိပေးထားတယ်။ နောက်ပြီး မြွေပါအမျိုးစုတွေနဲ့လည်း အဆွေခင်ပွန်းဖွဲ့ထားလေတယ်။

"အဆွေတော်ရေ မိတ်ဆွေရင်းတွေဖြစ်နေကြပြီဆိုတော့ အရေးကိစ္စကြုံတွေ့တဲ့အခါ အပြန်အလှန် ကူညီပေးကြပါစို့နော်"

ဖားပညာရှိဟာ မြွေပါခေါင်းဆောင်နဲ့ သဘောတူညီမှုယူလိုက်တယ်။ ဖားမိသားစုတွေကလည်း ဖားပညာရှိရဲ့ စကားကို နာခံလိုက်နာလို့၊ အချင်းချင်းစောင့်ရှောက်ကာ ထိန်းကျောင်းကြတာဖြစ်လို့ မြွေတို့အတွက်အစာမဖြစ်ရတော့ဘဲ ချမ်းသာပျော်ရွှင်စွာ နေထိုင်နိုင်ကြတော့တာပေါ့။

"ဖားတွေဟာ အရင်နဲ့မတူတော့ဘူး။ အလွန်လိမ္မာပါးနပ်လာကြတယ်။ ဒါကြောင့် ငါတို့မြွေအမျိုးတွေအတွက် အစာရေစာရှားပါးလာရတယ်။ သူတို့မှာ ဆရာကောင်းရှိအံ့။ အားလုံးသတိနဲ့ သွားကြလာကြပေါ့"

မြွေအမျိုးတို့ကိုစုဝေးစေကာ မြွေပညာရှိက အသိပေးပြောကြားလိုက်တယ်။ ဒါပေမယ့်လည်း မြွေမိသားတစ်စုရဲ့ အငယ်ဆုံးမြွေငယ်တစ်ကောင်က ပညာရှိဆုံးမစကားကို မလိုက်နာဘဲ သတိလက်လွတ်နဲ့ ဖားတို့ကို ဖမ်းဆီးစားသောက်ဖို့ ရေကန်အနီးသို့ထွက်လာခဲ့သတဲ့။

"အဆွေတော်မြွေပါရေ၊ ကျုပ်တို့ဖားအမျိုးတွေကို ရန်ပြုဖို့ မြွေတစ်ကောင်လာနေတယ်"

"အဆွေတော် ဘာမျှမစိုးရိမ်ပါနဲ့ စိတ်ချမ်းမြေ့စွာနေပါလေ့"

ပြောပြောဆိုဆိုနဲ့ မြွေပါဟာ ဖားတစ်ကောင်ကို မြွေရဲ့ ရှေ့ကနေခုန်ခိုင်းလိုက်တဲ့အခါ မြွေကတဇွတ်ထိုးလိုက်ပါလေရော၊ ဒီတော့မှ မြွေပါက မြွေရဲ့ဇက်ကို အသာတကြည်ခုန်အုပ်ကိုက်ခဲလိုက်ပြီး အပိုင်းပိုင်းပြုလုပ် စားသောက်လိုက်တော့တယ်။ ဒီဖြစ်စဉ်ကို ကြွက်တစ်ကောင်က သစ်ပင်ခြေရင်းကနေ တုန်လှုပ်ချောက်ချားစွာနဲ့ ကြည့်နေတာပေါ့။ အဲဒီနောက်မှာတော့ ကြွက်က တွေးမိတယ်။ မြွေနဲ့ဖားတို့တစ်တွေ ဒီဝန်းကျင်မှာရှိနေရင် ကြွက်အတွက် အစာရှာရတာခက်ခဲတယ်။ မြွေနှင့်ဖားတို့တစ်တွေကို တခြားနေရာသို့ ထွက်သွားစေဖို့ အကြံထုတ်တော့တယ်။ အဲဒီလိုအချိန်မှာပဲ မြွေမိသားစုတချို့ဟာ မြွေတွင်းရှိရာဘက်သို့ စုပြုံပြေးလာကြလို့ စနည်းနာကြည့်လိုက်ရာ မြွေအလမ္ပာယ်မှဆိုးတစ်ယောက်လာနေတာကို ကြွက်ကမြင်လိုက်လို့ အကြံတော့အောင်မြင်နိုင်ပြီလို့ တွေးကာပြုံးလိုက်လေတယ်။

"အဆွေမှဆိုးကြီး သင်အလိုရှိတဲ့ မြွေနဲ့ မြွေရဲ့အစာ ဖားတို့နေထိုင်ရာကို လိုက်ပြပေးနိုင်ပါတယ်"

"ဟေ- ကောင်းပေါ့ကွာ၊ ခုပဲပို့ပေးပါလား"

လမ်းတစ်နေရာသို့အရောက်မှာ မြွေပညာရှိကိုတွေ့လေရာ မြွေမှဆိုးက အမြီးကနေဆွဲယူဖမ်းဆီးကာ ပခြုပ်ထဲကို ပစ်ထည့်လိုက်တော့တယ်။ မြွေပညာရှိဟာ ညီထွေးဖြစ်သူ မြွေငယ်လေးအားလိုက်လံရှာဖွေစဉ် မှဆိုးနဲ့တွေ့ကာ ဖမ်းဆီးခံလိုက်ရတာပေါ့ကွယ်။

ကြွက်ရဲ့လမ်းပြမှုကြောင့် ဖားတို့ရှိရာရေကန်သို့ မှဆိုးရောက်လာတာကို ဖားပညာရှိကသိတဲ့အတွက် ဖားအမျိုးတို့ကို ရေထဲမှာဝပ်နေရန် သတိပေးပြောဆိုလိုက်တာကြောင့် ဖားအမျိုးတို့မှဆိုးလက်မှ လွတ်မြောက်ပေမယ့် ရေပေါ်မှာရှိနေတဲ့ ဖားပညာရှိကတော့ ဖမ်းဆီးခံရတော့တယ်။ မုဆိုးက အိမ်ပြန်ရောက်တဲ့အခါ မြွေထည့်ထားရာ ပခြုပ်အတွင်းသို့ ဖားနဲ့ ကြွက်တို့ကို ပစ်ထည့်လိုက်တယ်။

ငါဟာ မဆင်ခြင်ဘဲ ကြွက်နှင့်ဖားတို့ကို စားလိုက်မိပါက ဒီပခြုပ်အတွင်းကနေ လွတ်နိုင်မှာမဟုတ်ဘူး။ ဖားနဲ့မြွေကို စကာပြောကြည့်မှပါပဲ"

မြွေကတီးတိုးရေရွတ်ကာ ဖားနှင့်ကြွက်တို့ကို ဦးစွာစကားဆိုလိုက်တယ်။

"အဆွေဖားနဲ့ ကြွက်တို့၊ သင်တို့ကို ငါစားမည်မဟုတ်။ ငါတို့ အတူဒုက္ခရောက်သူတွေဖြစ်လို့ လွတ်မြောက်ရာလမ်းကို ရှာရမယ်။ ငါတွေးထားတာပြောပြမယ်။ မုဆိုးအိပ်နေတဲ့အချိန်မှာ ကြွက်ရဲ့ ချွန်ထက်တဲ့သွားနဲ့ ပခြုပ်ကိုကိုက်ဖြတ်ပါ။ ဖားရဲ့ကြီးမားတဲ့ ကိုယ်ထည်နဲ့ အပေါက်ကို ကျယ်လာအောင်ချဲ့လိုက်ရင် လွတ်မြောက်ပြီပေါ့"

မြွေရဲ့အစာဖြစ်တော့မယ်လို့ ပခြုပ်အတွင်းရောက်ရောက်ချင်း တွေးကာ ကြောက်လန့်တကြားဖြစ်နေတဲ့ ဖားနဲ့ ကြွက်တို့ဟာ တည်ငြိမ်မှုရရှိကာ ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်ကာ စုပေါင်းကြိုးစားလုပ်ဆောင်ကြတဲ့အတွက် မြွေ၊ ကြွက်နဲ့ ဖားတို့အားလုံး အသက်ဘေးမှချမ်းသာကာ လွတ်မြောက်ရာသို့ ပြေးသွားနိုင်ကြတော့သတဲ့ကွယ်။

သောဝစဿတာ။

"ဆုံးမခံယူ လွယ်ကူသောသူဖြစ်ခြင်း၊ သူတော်ကောင်းတို့ရဲ့စကားကို လိုက်နာလွယ်ကူသူဖြစ်ရခြင်း ပညာရှိအဆုံးအမကို လိုက်နာရမယ်"လို့ မြန်မာလိုအဓိပ္ပာယ်ဖော်ဆောင်တဲ့ မှတ်သားစရာပုံဝတ္ထုတစ်ခုပါပဲ။

သားတို့ သမီးတို့၊ မောင်တို့မယ်တို့အတွက်သာမက လူတိုင်းလူတိုင်းအသိကြွယ်ကာ ကျင့်ဆောင်ကြရမယ့် "သည်းခံရေးမင်္ဂလာ" နည်းနာတွေပေါ့ကွယ်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၂၄-၁၀-၂၀၂၂ ရက်မှအဆက်

မော့်မျက်နှာသည် ခါတိုင်းလိုမဟုတ်။ 'မ' ကိုသာ ဒေါသဖြင့်ကြည့်လိုက်သည်။ သို့ကြည့်နေရင်းမှလည်း နှုတ်ခမ်းမဲ့လိုက်သည်။ မော်သည် စက်ဆုပ်ရွံရှာစရာကောင်းသော အရာတစ်ခုကို မြင်နေရသူကဲ့သို့ 'မ' ကို မဲ့ရွဲ့၍ကြည့်နေသည်။ မော်၏အကြည့်ကိုပင် 'မ' မှာ မခံမရပ်နိုင်အောင်ရှိတော့သည်။

မော်သည် 'မ' ကို တစ်ချက်မျှ ရှုံ့မဲ့ကြည့်လိုက်ပြီးလျှင် အပေါ်ထပ်သို့ ခြေကိုဆောင့်၍တက်သွားသည်။ 'မ' သည် မော်နောက်သို့ အပြေးကလေးလိုက်သွားခဲ့သည်။ ကိုဘခက်ကမူ အခန်းတွင်းသို့သာ ခေါင်းငိုက်စိုက်ချ၍ ဝင်ခဲ့သည်။

'မ' သည် အိပ်ခန်းတွင်းသို့ မရဲတရဲဝင်ခဲ့သည်။ သူ့ရင်ထဲ၌ကား လိပ်ပြာတောင်ပံခတ်သလို တဖျပ်ဖျပ်ခါ၍နေတော့သည်။ မော်ကမူ မျက်စိကိုမှေး၍ လှဲနေလိုက်သည်။

'မ' ဝင်လာသည်ကို သိသော်လည်း မျက်လုံးကို ဖွင့်၍ပင်မကြည့်။ ဂရုထားဟန်လည်းမရှိ။ ဘလှသန်းထွန်း လက်ဆောင်ပေးထားသော ဓာတ်စက်ငယ်မှ ခပ်ကြွကြွတေးသံကို နားထောင်ရင်း ဒူးကို လှုပ်ယမ်း၍နေတော့သည်။

'မ' သည် မော့်ကိုရှင်းပြချင်သော်လည်း စကားကိုပင် မစရဲအောင်ရှိတော့သည်။ လက်ပူးလက်ကြပ် မြင်တွေ့သွားသော အဖြစ်အပျက်တစ်ခုကို ဘူးခံ၍ ငြင်း၍လည်းမရ၊ ရှင်းပြ၍လည်း သဘောပေါက်မည်မဟုတ်။ မော်သည် ကိုဘခက်လိုလူတစ်ယောက်ကို 'မ' အထင်ကြီးသလို ကြီးချင်မှကြီးမည်။ 'မ' နားလည်သလို နားလည်ချင်မှလည်း နားလည်မည်။

ကိုဘခက်လို ဂီတဆရာတစ်ယောက်၏အချစ်ကို လက်ခံမိသည့်အတွက် မော့်အမြင်တွင် အထင်သေးစရာ ဖြစ်ချင်လည်းဖြစ်မည်။ ဤသည်ကို သဘောပေါက်အောင် ရှင်းပြရန်ကား မလွယ်လှပေ။

မော်သည် 'မ' ကို တစ်ချက်မဲ့၍ကြည့်လိုက်ပြီးလျှင် ဘေးစားပွဲပေါ်မှ ဓာတ်ပုံအိတ်ကိုဆွဲ၍ အခန်းတွင်းမှ ခပ်ဆောင့်ဆောင့် ထွက်သွားတော့သည်။

'မ' သည် မော်ထွက်သွားသောအပေါက်ဆီသို့ စိုက်ကြည့်နေပြီးမှ သက်ပြင်းကို လေးတွဲ့စွာ ချလိုက်သည်။

ဤမီးစသည် တစ်နေ့ 'မ' ရင်ထဲတွင် ဝင်၍တောက်တော့မည်ကို 'မ' က သိထားသော်လည်း ကြိုတင်ငြိမ်းသတ်ရန်မူကား အစွမ်းမရဲရှိတော့သည်။




[ ၁၂ ]

ကိုခင်မောင်ကြည်သည် မော်၏ စကားကို နားထောင်ရင်း မတွေးတတ်အောင်ရှိတော့သည်။ ရုပ်ရှင်ရုံကအထွက်တွင် မော်က အရေးကြီးသော စကားတစ်ခွန်းပြောစရာရှိသည်ဟု ဆိုသည်။ အမှန်၌ ... ကိုခင်မောင်ကြည်သည် ရုပ်ရှင်ကြည့်ရန် အစက မရည်ရွယ်ခဲ့ပေ။ သို့မရည်ရွယ်သော်လည်း ရုံဝတွင် မော်တို့အသိုက်နှင့် သွား၍တွေ့သည်။ မော်တို့အသိုက် ဆိုသည်မှာလည်း မော်နှင့် ဘလှသန်းထွန်း၊ နောက် ဂရေစီနှင့် ယောက်ျားဖော်တစ်ယောက်သာ ဖြစ်သည်။

ကိုခင်မောင်ကြည်ကို တွေ့လျှင် မော်သည် ထိုစကားဖြင့် ရုပ်ရှင်အပြခိုင်းသည်။ ကိုခင်မောင်ကြည်က လက်မှတ်လေးစောင်ဝယ်ပေးမည်ဟု ဆိုသည်ကိုပင် မော်က လက်မခံ။ ကိုခင်မောင်ကြည် ပါကြည့်ရမည်ဟု အကျပ်ကိုင်တော့သည်။

"ကိုကိုကြည်ကို အရေးကြီးတဲ့စကားတစ်ခုပြောမယ်။ ကိုကိုကြည်ပါ အတူကြည့်ပါ။ အထွက်ကျ မော်တို့ လူစုခွဲပြီး တစ်နေရာသွားကြတာပေါ့"

မော်ပြောမည့်စကားကို ခင်မောင်ကြည် စိတ်ဝင်စားသည်။ ထို့ကြောင့်လည်း ရုပ်ရှင်ကို မကြည့်ချင်ဘဲ ဝင်၍ကြည့်ရတော့သည်။ ရုပ်ရှင်ကို ဝင်ကြည့်နေရသော်လည်း ကိုခင်မောင်ကြည်သည် စိတ်မပါချေ။ မော်ပြောမည့်စကားကိုသာ စိတ်ဝင်စားနေသည်။

ရုပ်ရှင်ရုံမှထွက်သောအခါ မော်က သူ့အသိုက်နှင့်ခွဲ၍ ကိုခင်မောင်ကြည်၏ ကားနှင့် လိုက်ခဲ့သည်။ ဘလှသန်းထွန်းကမူ ကျေနပ်ပုံမရချေ။ ကားထွက်ခါနီး၌ပင် မော်တို့ကားနားသို့လာ၍ စကားနာထိုးသွားသေးသည်။

" ည ဘယ်မှာရှိမလဲ။ လင်းယုန်ပျံ့ ဟိုတယ်မှာ ကိုယ်တို့ရှိမယ်။ လာခေါ်ရမှာလား"

"နေပါစေ၊ ကနေ့ မော် အပြင်မထွက်တော့ဘူး။ ကိုကိုကြည်နဲ့ ကိစ္စရှိတယ်"

ဘာလဲ ... သိပ်လျှို့ဝှက်တဲ့ကိစ္စလား၊ ကိုယ်မသိစေချင်ရင်လည်း မလာတော့ပါဘူးကွာ။ ဒါပေမဲ့ အဖော်ကွဲတဲ့လူဟာ ကျားကိုက်ခံရတတ်တယ်နော်"

ဘလှသန်းထွန်းက ခပ်ချိတ်ချိတ်ပြောသွားသော်လည်း ကိုခင်မောင်ကြည်ကမူ မကြားချင်ယောင် ဆောင်လိုက်သည်။ မည်သို့ပင်ဖြစ်စေ သူ့အတွက် တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို သည်ညအဖို့ ကပွဲတွင် အဖော်ရသည်ကပင် ကျေနပ်မိသည်။

အမှန်၌ ခင်မောင်ကြည်သည် ကနေ့ည သီးသန့်ကပွဲတစ်ခုအတွက် အတွဲလိုက် လက်မှတ်နှစ်စောင်ကို ဝယ်ထားသည်။ အစက ပက်ဂီကြိုင်ကို ရည်မှန်းထားသည်။ ပက်ဂီကြိုင်ကို မတွေ့ရသောအခါ ကိုခင်မောင်ကြည်မှာ အတော်ပင် စိတ်ပျက်မိသည်။ ပက်ဂီကြိုင်သည် အကဝိုင်းတွင် ကျော်ကြားသူဖြစ်သည်။

အထူးသဖြင့် နိုင်ငံခြားသားများနှင့် အတွဲများသည်။ နိုင်ငံခြားသားများ အသည်းစွဲ ပက်ဂီကြိုင်ကို ကြက်မြီးပါတီတစ်ခုတွင် ကိုခင်မောင်ကြည်နှင့် မိတ်ဖွဲ့ခဲ့ရသည်။ ထိုစဉ်ကပင် ကိုခင်မောင်ကြည်သည် ပက်ဂီကြိုင်အား သဘောကျခဲ့သည်။ အမေရိကန်ကြိုက် ပေါင်တံရှည် သွယ်သွယ်ကားကား ထွားထွားယားယားရှိလှသော ပက်ဂီကြိုင်အား တစ်ခါတွဲကလိုက်ရပြီးလျှင် နောက်တစ်ကြိမ်တွေ့ဖို့ အခွင့်အရေးကိုသာ စောင့်နေမိသည်။

ယခု ပက်ဂီကြိုင်နှင့် ချိန်းထားပြီးမှ လွဲရသောအခါ ကိုခင်မောင်ကြည် စိတ်ထဲတွင် မခံချိမခံသာ ဖြစ်မိတော့သည်။

ထိုအချိန်မျိုးတွင် မော်နှင့်တွေ့ရသဖြင့် ကိုခင်မောင်ကြည်အဖို့ အနည်းငယ် သက်သာရာရလေသည်။

ကိုခင်မောင်ကြည်မှာ သူ့အတွေးနှင့်သူ ကားကို မောင်းလာသော်လည်း မော်က ဘေးမှ သီချင်းတအေးအေးနှင့် လိုက်၍လာသည်။ ကားကလေးသည် ကုက္ကိုင်းအနီးမှ ခြံတစ်ခြံထဲသို့ တိုးဝင်လိုက်လေသည်။

"ဘယ်သွားမှာလဲ ကိုကိုကြည်"

မော်က သူရောက်ဖူးသောနေရာဖြစ်သော်လည်း မသိဟန်ဆောင်၍ မေးလိုက်သည်။ ကိုခင်မောင်ကြည် ဝင်လာခဲ့သောနေရာမှာ ကုက္ကိုင်းလမ်းဆုံမရောက်ခင် ခြံတစ်ခြံဖြစ်သည်။

"ဒါက မစ္စတာရှားမားတို့ခြံပဲ။ သူ့အဖေက ကန်ထရိုက်တာ။ သူက အင်ဂျင်နီယာ။ ကိုယ်တို့နဲ့ ကျောင်းတုန်းက တစ်ဆောင်တည်းပဲ။ အခုတော့ ဒီကောင်တွေက သိပ်ကြီးပွားနေတာ။ နောက်ဆောက်တဲ့ အဆောက်အအုံတွေဆိုရင် သူတို့ တော်တော်များများ ဆောက်ရတယ်။ ဟိုရောက်တော့ မော်တွေ့ရမယ်။ ကပွဲဥယျာဉ်ဟာ သိပ်လှတာပဲ"

ဒါဖြင့် မော်တို့တော့ မရောက်ဖူးတဲ့နေရာကို ရောက်ရဦးမှာပေါ့နော် ... ဇိမ်ပဲကွ

မော်သည် ကျေနပ်အားရဟန်ဖြင့် လက်ခုပ်တီးလိုက်သည်။

ကိုခင်မောင်ကြည်က သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး ဆိုလိုက်လေသည်။

Seventeen Seventeen
Cool and solid seventeen
Young enough to dance and sing.

သီချင်း၏အဓိပ္ပာယ်မှာ ဆယ့်ခုနစ်အရွယ် ကျစ်လျစ်အေးမြပုံ၊ အကနှင့် အဆိုအတွက် အသက်ငယ်သေးပုံ၊ အချစ်၏ကြင်နာမှုအတွက် ရပ်တည်နိုင်စွမ်းမရှိပုံ စသည်တို့ကို ဖွဲ့ဆိုထားသော သီချင်းတစ်ပုဒ်ဖြစ်သည်။ မော်သည် ကိုခင်မောင်ကြည်ဆိုသော သီချင်းကို နားထောင်ရင်း နှုတ်ခမ်းကလေးစူလာသည်။

"မကြိုက်ပေါင်၊ ဒီသီချင်းကို မော် သိပ်မုန်းတာပဲ။ တကယ့်ဘဝနဲ့ မအပ်ဘူး။ ခုခေတ်က ဆယ့်ခြောက်နှစ်ဆိုရင် ဘဝအကြောင်းကို အားလုံးနားလည်နေကြပြီ။ ကတယ်ဆိုတာလည်း တကယ်တော့ မကောင်းတဲ့အလုပ်မှ မဟုတ်ဘဲ။ ဒါကို ငယ်တဲ့လူရော မကရဘူးလား"

မော်သည် ခင်မောင်ကြည်ဆိုသော သီချင်းနှင့် ရန်ဖြစ်နေပြန်သည်။ ကိုခင်မောင်ကြည်က ပြုံးလိုက်ရင်း အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်လိုက်သည်။ မော်က အလိုက်သိစွာ စီးကရက်ဘူးကိုယူ၍ ကိုခင်မောင်ကြည်အတွက် တစ်လိပ်မီးညှိလိုက်သည်။ ပြီးတော့လည်း ပါးစပ်တွင် တပ်၍ပေးလိုက်သည်။

ပြီးမှ သူ့အတွက် တစ်လိပ်ညှိပြီး လူကြီးဟန်ဖြင့် ဟန်ပါပါခဲလိုက်သည်။

မစ္စတာရှားမားတို့ခြံထဲသို့ ဝင်လာသောအခါ ကိုခင်မောင်ကြည်ပြောသည့်အတိုင်းပင် မော်သည်အံ့သြဝမ်းသာဖြစ်နေသည်။ သီးသန့်ကပွဲဖြစ်သည့်အတိုင်း လူသိပ်များပုံမရချေ။ သို့သော် ခြံဘေးတွင် ဆိုက်ထားသောကားများမှာ တစ်သောင်းကျော်ကားသည် အညံ့ဆုံးလောက်ဖြစ်သည်။ ကိုခင်မောင်ကြည်သည် ကားကို တစ်နေရာတွင်ရပ်ပြီးလျှင် ဦးစွာဆင်းလိုက်သည်။ ပြီးမှ မော့်ကို တံခါးဖွင့်ပေးသည်။ မော်က ကိုခင်မောင်ကြည်၏လက်ကို တွဲ၍လိုက်ခဲ့သည်။ ကိုခင်မောင်ကြည်နှင့် မော်တို့ ဝင်သွားသောအခါ အပေါက်ဝမှ မစ္စတာရှားမားကပင် ဆီးကြိုနှုတ်ဆက်ခံလေသည်။

"ဟဲလို ... ကိုခင်မောင်ကြည်၊ ကြွပါခင်ဗျာ .... ကြွပါ။ ပက်ဂီတစ်ယောက်ရော မပါဘူးလား"

"မပါလာဘူးဗျာ၊ ပက်ဂီကိုစောင့်နေတာ ချိန်းတဲ့နေရာမှာမရှိဘူး။ စထရင်းဟိုတယ်နဲ့ ကလပ်တစ်နေရာရာမှာ ရောက်နေရောပေါ့။ ဩော် .. မစ္စတာရှားမားကို မိတ်ဆက်ပေးရဦးမယ်။ သူက ထရီဆာကျော်ဒင်၊ မြန်မာနာမည်ကတော့ မော်တဲ့။ ဝတ်လုံတော်ရ ဦးကျော်ဒင်ရဲ့ အငယ်ဆုံးသမီးလေ၊ မော်...သူက မစ္စတာရှားမား"

ကိုခင်မောင်ကြည်သည် မိတ်ဆက်ပေးလိုက်သော်လည်း နှစ်ယောက်သားမှာ ထုံးစံအတိုင်း လက်ဆွဲနှုတ်ဆက်ခြင်းမပြုဘဲ ပြုံးစိစိဖြင့် ကြည့်ကြသဖြင့် ကိုခင်မောင်ကြည်ပင် ကြောင်၍သွားသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**“မော်သည် 'မ' ကို တစ်ချက်မျှ ရှုံ့မဲ့ကြည့်လိုက်ပြီးလျှင် အပေါ်ထပ်သို့ ခြေကိုဆောင့်၍ တက်သွားသည်။ 'မ' သည် မော်နောက်သို့ အပြေးကလေးလိုက်သွားခဲ့သည်။ ကိုဘခက်ကမူ အခန်းတွင်းသို့သာ ခေါင်းငိုက်စိုက်ချ၍ ဝင်ခဲ့သည်။ 'မ' သည် အိပ်ခန်းတွင်းသို့ မရဲတရဲဝင်ခဲ့သည်။ သူ့ရင်ထဲ၌ကား လိပ်ပြာတောင်ပံခတ်သလို တဖျပ်ဖျပ်ခါ၍နေတော့သည်။ မော်ကမူ မျက်စိကိုမှေး၍ လှဲနေလိုက်သည်။ 'မ' ဝင်လာသည်ကို သိသော်လည်း မျက်လုံးကို ဖွင့်၍ပင်မကြည့်။ ဂရုထားဟန်လည်းမရှိ။ ဘလှသန်းထွန်း လက်ဆောင်ပေးထားသော ဓာတ်စက်ငယ်မှ ခပ်ကြွကြွတေးသံကိုနားထောင်ရင်း ဒူးကို လှုပ်ယမ်း၍နေတော့သည်။”**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၄၄ ဆူ | ၂၇၆ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၃ တိုင် | ၇ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၆ ခု | ၅၃၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၁ ကျင်း | ၂၀၅၈. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၀ ကျင်း | ၅၈၉၀. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၁ ကျင်း | ၁၆၀၅. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၁၇၂ စုံ | ၃၂၈ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

**တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအလိုရှိသည်**

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁–၁–၂၀၂၃ ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၈ နှစ် ၆လထက် မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ [Myawady Webportal (www.myawady.net.mm/nurse(male)]တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂–၁၀–၂၀၂၂ ရက်နေ့မှ ၁၂–၁၁–၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်–

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့ စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၃–၁၂–၂၀၂၂ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၃–၁၂–၂၀၂၂ ရက်နေ့မှ ၁၉–၁၂–၂၀၂၂ ရက်နေ့ အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ်ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည်–

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc (Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm (Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech (Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech (Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech (Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse) နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့ သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (M.Sc) နှင့် ပါရဂူဘွဲ့ (Ph.D)သင်တန်းများ တက်ရောက်ခွင့် ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse) / ဆေးဘက်ကျွမ်းကျင်သူ (တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက် (၂)နှစ်၊ စုစုပေါင်း (၃)နှစ်ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ် [အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း)]အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၁–၁–၂၀၂၃ ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၈ နှစ် ၆လထက် မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။(အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူ များဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

( င ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ [Myawady Webportal (www.myawady.net.mm/nurse(Female)]တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂–၁၀–၂၀၂၂ ရက်နေ့မှ ၁၂–၁၁–၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်–

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့ စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၃–၁၂–၂၀၂၂ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၃–၁၂–၂၀၂၂ ရက်နေ့မှ ၁၉–၁၂–၂၀၂၂ ရက်နေ့ အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေး အောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ် (၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ်ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည်–

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc (Bachelor of Nursing Science)

( ခ ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm (Bachelor of Pharmacy)

( ဂ ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech (Physiotherapy)

( င ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech (Medical Imaging Technology)

( စ ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech (Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse) နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့ သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(M.Sc) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့် ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse) / ဆေးဘက်ကျွမ်းကျင်သူ (တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက် (၂)နှစ်၊ စုစုပေါင်း (၃)နှစ်ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ် [အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း)]အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်း နိုင်သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျောင်းသား ကျောင်းသူများအားလုံးကို ပညာသင်ကြားပေးရာတွင် အတန်းအောင်မြင်ရေးထက် အမှန်တကယ်တတ်မြောက်ရေး သင်ကြားပေးရန်လို၊ အတန်းအောင်မြင်သော်လည်း စာတတ်မြောက်ခြင်းမရှိသဖြင့် စဉ်းစားတွေးခေါ်မှုများတွင် အားနည်းချက်များဖြစ်ပေါ်ခဲ့၊ တက္ကသိုလ်ပညာသင်ကြားရေးတွင် တက္ကသိုလ်မှ သက်ဆိုင်ရာဘာသာရပ်အလိုက် ဘွဲ့ရပြီးချိန်၌ အတတ်ပညာနှင့်ပတ်သက်သည့် လူမှုရေးကျွမ်းကျင်မှုပညာရပ်များကို အသုံးချနိုင်ရမည်ဖြစ်၊ လူတစ်ဦးချင်း တတ်မြောက်သည့် ပညာရပ်များကို အသုံးချနိုင်မှုသည် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး တတိယနေ့၌ လမ်းညွှန်မှာကြားမှုမှကောက်နုတ်ချက်)

## ယူရိုပါလိဂ်ဖလား လေးကြိမ်ရယူပေးနိုင်ခဲ့သည့် အူနိုင်းအမ်မရီကို အက်စ်တွန်ဗီလာအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်

အက်စ်တွန်ဗီလာအသင်းဟာ နည်းပြစတီဗင်ဂျာရတ်ကို အသင်းနည်းပြအဖြစ်ကနေထုတ်ပယ်ခဲ့ပြီးနောက် ယူရိုပါလိဂ်ဖလားကို လေးကြိမ်အထိ ရယူဆွတ်ခူးပေးနိုင်ခဲ့တဲ့ နည်းပြအူနိုင်းအမ်မရီကို နည်းပြသစ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်ပြီဖြစ်ပါတယ်။

အာဆင်နယ်အသင်းနည်းပြဟောင်း အူနိုင်းအမ်မရီဟာ စပိန်ကလပ်ဗီလာရီးယဲလ်အသင်းမှာလည်း တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး နိုဝင်ဘာ ၁ ရက်မှာ အက်စ်တွန်ဗီလာအသင်းကို စတင်တာဝန်ယူကိုင်တွယ်မှာ ဖြစ်ပါတယ်။ အက်စ်တွန်ဗီလာအသင်းက ဖူလ်ဟမ်အသင်းကို သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြဂျာရတ်ကို ထုတ်ပယ်ခဲ့ပြီး ယာယီနည်းပြအဖြစ် အာရွန်ဒန့်စ်က တာဝန်ယူခဲ့ကာ နယူးကာဆယ်နဲ့ပွဲစဉ်အထိ တာဝန်ယူ ကိုင်တွယ်မှာဖြစ်ပါတယ်။

**စာမျက်နှာ ၁၇ ကော်လံ ၃ သို့ ❖**





## မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ငါးဈေးကြီးတစ်ခုတည်ဆောက်နိုင်ရန် လိုအပ်

ရန်ကုန် အောက်တိုဘာ ၂၅

ပင်လယ်ပြင်ကိုပိုင်ဆိုင်ထားသော မြန်မာနိုင်ငံတွင် ရေချိုမွေးမြူမှုနှင့် ပင်လယ်ပြင်ငါး/ပုစွန်ဖမ်းဆီးနိုင်မှုကြောင့် ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အဖြစ် ရေထွက်ကုန်ထုတ်လုပ်မှုကြီးမားလျက်ရှိရာ နိုင်ငံတကာအဆင့်မီ ငါးဈေးကြီးတစ်ခု တည်ဆောက်နိုင်ပါက ရေထွက်ကုန်ပြည်ပပို့ကုန်အတွက် ခိုင်မာသော နိုင်ငံခြားဝင်ငွေရရှိမှုနှင့်အတူ နိုင်ငံအတွက် အခြေခံစီးပွားရေး အဆောက်အအုံသစ်တစ်ခု ပိုင်ဆိုင်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၇ ကော်လံ ၃ သို့ ✳

## ONE 164 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ထီရယ်လ်ထန် ပွဲစဉ်ပါဝင်မည်

**ရန်ကုန် အောက်တိုဘာ ၂၅**

ဒီဇင်ဘာ ၃ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပမည့် ONE 164 ပြိုင်ပွဲတွင် မြန်မာ MMA ဖိုက်တာ ထီရယ်လ်ထန်၏ပွဲစဉ် ပါဝင်လာမည်ဖြစ်သည်။

ထီရယ်လ်ထန်သည် ယခုနှစ် ဖေဖော်ဝါရီလတွင် စိန်ခေါ်ပွဲထိုးသတ်ပြီးနောက် နှစ်ကုန်ပိုင်းမှသာ ဒုတိယမြောက်ပွဲစဉ် ထိုးသတ်ရခြင်းဖြစ်သည်။ ONE Championship အဖွဲ့အစည်းသည် ဒီဇင်ဘာ ၃ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ONE 164 ပြိုင်ပွဲကျင်းပမည်ဖြစ်ပြီး ထီရယ်လ်ထန်၏ တွဲဆိုင်း ပါဝင်လာခြင်းဖြစ်သည်။

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❍**



ယနေ့ ဖတ်စရာ

**NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်**

စာမျက်နှာ » ၁၅

**ယဉ်ကျေးလိမ္မာ**

**စာပဒေသာ**

စာမျက်နှာ ၁၈၊ ၁၉

